ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 17 September 2019 ၉၇၇၅

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြသရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဒေါက်တာသန်းမြင့်နှင့် ဦးအုန်းဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြသ**

ရှေးဦးစွာ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများအား ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို Video Clip ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းကျောက်မျက်အတွဲများ၊ ကျောက်မျက်ရတနာပြခန်းများနှင့် ခန်းမအပြင်ဘက်ရှိ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေ တိုးမြှင့်လျာထားဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၄

သံတောင်ကြီးမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် စာမျက်နှာ » ၅

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၉



## ကြေးမုံ

# စိတ်ဝင်စားမှုကို ချိန်ညှိဆင်ခြင်ကာကွယ်

ပြည်သူများအနေဖြင့် အင်တာနက်ကိုအသုံးပြု၍ အွန်လိုင်းပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးကိစ္စမျိုးစုံကို နေ့စဉ်တွင်ကျယ်စွာ လုပ်ကိုင်အသုံးပြုနေကြသည်။ မိမိတို့၏ သန်ရာသန်ရာ စိတ်ဝင်စားမှုကဏ္ဍအလိုက် တင်ပြခြင်း၊ သုံးသပ်ခြင်း၊ မျှဝေခြင်း၊ ဝေဖန်ခြင်းတို့ကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နေကြသည်မှာ အတွေးအမြင်နှင့် အလုပ်အကိုင်များ ရှင်သန်ဖွံ့ဖြိုးအားကောင်းလာမှုပင်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေးနှင့် လူမှုကွန်ရက်ကို လွဲမှားစွာအသုံးမချနိုင်ရေးအတွက် လူမှုကွန်ရက်စံနှုန်းများနှင့် လိုက်နာအားထုတ်ရမည့်အချက်များကို သိရှိနားလည်ထားရမည်ဖြစ်သည်။ အွန်လိုင်းကိုအသုံးပြုရာတွင် ထိခိုက်နစ်နာမှုများမဖြစ်စေရေးအတွက် လူမှုကွန်ရက် စံနှုန်း ၁၂ ချက်ကို သိရှိမှတ်သားထားရမည်ဖြစ်သည်။

ထိုစံနှုန်းများသည် ကမ္ဘာ့လူထုတစ်ရပ်လုံး၏ လိုအပ်ချက်နှင့် စိတ်ဝင်စားမှုများကို ချိန်ညှိနိုင်ရန်အတွက် အကာကွယ်များပင် ဖြစ်သည်။ ပြည်သူများအနေဖြင့် နေ့စဉ်အဓိကထားအသုံးပြုလျက်ရှိသည့် လူမှုကွန်ရက်သည် ဖေ့စ်ဘွတ်ဖြစ်သည်။ ဖေ့စ်ဘွတ်သည် လုံခြုံရေးကို အဓိကဦးစားပေးထားသည်ဟုသိရှိထားလျှင် ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုနှင့် လုံခြုံမှုကို အကာအကွယ်ဖြစ်စေပါသည်။ လူမှုကွန်ရက်ပေါ်တွင် ထိခိုက်နစ်နာမှုရှိသည်ဟု ယူဆပါက ယင်းအချက်ကို ဖယ်ရှားနိုင်ပြီး လိုအပ်ပါက သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်ပူးပေါင်း၍ အရေးယူနိုင်သည်အထိ ဆောင်ရွက်နိုင်ပါသည်။

မိမိကို ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဖေ့စ်ဘွတ်မှ ကိုင်တွယ်ဆောင်ရွက်နိုင်ပြီး မမှန်ကန်သောအကြောင်းကိစ္စများကို ဖယ်ရှားပေးနိုင်ပါသည်။ ဥပမာ ထိခိုက်နာကျင်စေမှု၊ အစားအသောက်များမှ ရောဂါဘယဖြစ်စေမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုစသည်တို့ကို အားပေးအားမြှောက်ပြုလုပ်သော အကြောင်းကိစ္စများ၊ ကြော်ငြာများကို ဖယ်ရှားပေးနိုင်ပါသည်။

ယခုအခါ လူမှုကွန်ရက်ပေါ်မှတစ်ဆင့် အများနှင့်သက်ဆိုင်သော ကိစ္စရပ်များကို လွတ်လပ်စွာပြောဆိုခွင့်ပြုပေးလျက်ရှိရာ တစ်ဦးအပေါ် တစ်ဦး အနိုင်ကျင့်ခြင်း၊ အရှက်ခွဲခြင်းကိစ္စများ ပြုလုပ်တတ်သည်ကို တွေ့ရပါသည်။ ယင်းသို့ ပြုလုပ်ပါက ဖေ့စ်ဘွတ်အနေဖြင့် လုံးဝသည်းခံခြင်းမရှိဘဲ တိုင်ကြားလာပါက အရေးယူဆောင်ရွက်ပေးနေသည်ကို သိရှိထားရမည်ဖြစ်သည်။

ထို့အပြင် တစ်ပါးသူတစ်ယောက်၏ လူမျိုး၊ ဘာသာ၊ ဒေသ၊ ကျား၊ မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့သူများစသည့် အားနည်းသူများအပေါ် သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ တမင်တကာဖြစ်စေ၊ မတော်တဆဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သောအမုန်းစကားများကို ပယ်ဖျက်နေသဖြင့် ရန်ကိုရန်ချင်းမတုံ့နှင်းဘဲ အသိပေးအကြောင်းကြားပါက လူမှုကွန်ရက်စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဖယ်ရှားပေးနေသည်ကို သိရှိထားရမည်ဖြစ်သည်။

ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များကို လူမှုကွန်ရက်ပေါ်သို့တင်၍ မျှဝေရာတွင် လေ့လာသူများသတိမူ၍ ရွေးချယ်နိုင်ရန် ပါဝင်သည့်အကြောင်းအရာ၏ သဘောသဘာဝတို့ကို ကြိုတင်အသိပေးရေးသားထားရမည်ဖြစ်သည်။ ညစ်ညမ်းသည့်အကြောင်းအရာများနှင့် အသက်မပြည့်သေးသည့် ကလေးငယ်များ၏ လိင်ပိုင်းဆိုင်ရာကိစ္စများကို ထိန်းချုပ်ထားသဖြင့် အထူးသတိထားရှောင်ရှားရမည် ဖြစ်သည်။ ကိုယ်ရေးကိုယ်တာအချက်အလက်များကို မျှဝေရာတွင် သက်ဆိုင်သူ၏ သဘောတူခွင့်ပြုချက်မရဘဲ ဖြန့်ဝေခြင်းကို ရှောင်ရှားရမည် ဖြစ်သည်။

သို့ဖြစ်ရာ လူမှုကွန်ရက်များကိုအသုံးပြုနေသော ပြည်သူများအနေဖြင့် မိမိတို့၏ စိတ်ဝင်စားမှုကို ချိန်ညှိဆင်ခြင်ပြီး လက်ခံသင့်သည့်အချက်များနှင့် ပယ်ဖျက်သင့်သောအချက်များကို ဖေ့စ်ဘွတ်၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများနှင့်အညီ သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) လေးမှုကို စီရင်ချက်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာ ဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/ ၂၀၁၉) ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ဇူလိုင်မှ စက်တင်ဘာအထိ တတိယ သုံးလပတ် လုပ်ငန်းဆောင်ရွက်နိုင်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဇယ်လင်တိုင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာယူနီကုဒ်စံစနစ်နှင့်ပတ်သက်၍ ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများက မြန်မာယူနီကုဒ်စံစနစ်နှင့်ပတ်သက်၍ ဗဟုသုတမျှဝေခြင်းကို စက်တင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၄,၁၂၆ | ၄၈,၇၃၆,၅၀၀ |
| MTSH | ၄,၅၀၀ | ၄,၅၀၀ | ၅,၆၆၃ | ၂၅,၄၈၃,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅ | ၄၁,၀၀၀ |
| FPB | ၂၅,၅၀၀ | ၂၅,၀၀၀ | ၇၈၀ | ၁၉,၅၅၄,၀၀၀ |
| TMH | ၃,၁၀၀ | ၃,၀၅၀ | ၃, ၂၄၇ | ၉,၉၄၄,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

ရန်ကုန်(ရွှေဈေး) ၁၂၂၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၁၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၂၀ ကျပ် | ၈၅၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၂၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၁.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၃.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၁၅၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၃၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၀.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၄၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၄.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၅.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း

သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် ၁၈ တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုအားပေးသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ၉၅ ပွဲမြောက်ဖြစ်ကာ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များအပြင် ပြည်ပနိုင်ငံ ၂၆ နိုင်ငံမှ ရတနာကုန်သည် ၆၈၆၅ ဦးကို ဖိတ်ကြားထားကြောင်း သိရသည်။

**ပြသရောင်းချသွားမည်**

ပြပွဲတွင် ကျောက်စိမ်းအရိုင်းများ၊ ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အချောထည်များ၊ ကျောက်စိမ်းနှင့်ဆင်တူသည့် ကျောက်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများနှင့် ကျောက်ကပ်ပန်းချီကားများကိုလည်း ပြသရောင်းချသွားမည်ဖြစ်သည်။

အာမခံစပေါ်ငွေများကို ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များအနေဖြင့် မြန်မာငွေဖြင့် ပေးသွင်းကြရမည်ဖြစ်ပြီး ပြည်ပရတနာကုန်သည်များအနေဖြင့် ယူရိုငွေဖြင့် ကြိုတင်ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ ကျောက်မျက်အတွဲများအတွက် ယူရိုငွေ ၂၀၀၀ နှင့် ကျောက်စိမ်းအတွဲများအတွက် ယူရိုငွေ ၂၀၀၀၀ ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ ကျောက်စိမ်းအရိုင်းအတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးနှုန်းမှာ ယူရိုငွေ ၅၀၀၀ နှင့်အထက်ဖြစ်ပြီး ကျောက်စိမ်းအချောထည်များအတွက် အခြေခံဈေးနှုန်းမှာ ယူရိုငွေ ၁၀၀၀ နှင့်အထက်ဖြစ်ကြောင်း၊ အာမခံစပေါ်ငွေပမာဏ၏ ၁၀ ဆနှင့်ညီမျှသည့် ကျောက်မျက်ရတနာအတွဲများကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်တွင် ကျောက်မျက်အတွဲ ၄၈၁ တွဲကိုလည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၃၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၃၁၂ မှ ၂၆၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၆၁၂ မှ ၃၉၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၉၁၂ မှ ၅၂၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၅၂၁၂ မှ ၆၅၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၅၁၂ မှ ၇၈၁၁ အထိကိုလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းကျောက်မျက်အတွဲများကို ကြည့်ရှုစဉ်။

ယခုပြပွဲတွင် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများနှင့်အညီ ကောက်ခံသွားမည်ဖြစ်ပြီး ဝန်ဆောင်ခအနေဖြင့် ကျောက်မျက်ရတနာအရိုင်းများအတွက် ၃ ရာခိုင်နှုန်းနှင့် အချောထည်များအတွက် ၁ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၆ / ၂၀၁၉) ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၃၆ / ၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

**စက်တင်ဘာ ၁၆ ရက်ထုတ် ကြေးမုံသတင်းစာရှေ့ဖုံးတွင် ဖော်ပြထားသော ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသတင်း၏ တတိယကော်လံ စာကြောင်းရေ(၂) တွင် ATPA အစည်းအဝေး တက်ရောက်မှုများ(အစား) AIPA အစည်းအဝေး တက်ရောက်မှုများဟု ပြင်ဆင်ဖတ်ရှုပါရန်။**

သတင်းစဉ်

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံမဲဆန္ဒရှင်စာရင်း အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုရေးလုပ်ငန်းသတ်မှတ်ကာလ အချိန်မီပြီးစီးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**စံငါးချက်နှင့်အညီ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်**

အစည်းအဝေးတွင် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေခံမဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေး၊ ဆန္ဒမဲပေးခွင့်ရှိသူများမကျန်ရှိစေရေးနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအား စံငါးချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိကြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး မှာကြားသည်။



ထို့နောက် တက်ရောက်လာကြသူများက အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရာတွင် သတ်မှတ်ကာလအချိန်မီပြီးစီးရေး၊ အခြေခံမဲဆန္ဒရှင်စာရင်းမှန်ကန်ရေးတို့အတွက် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေတိုးမြှင့်လျာထား ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေတစ်ခုအား ပြင်ဆင်ချက်ဖြင့် လွှတ်တော်က သဘောတူခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဦးစီးဌာန၊ ပြည်ထောင်စု၏ ငွေလုံးငွေရင်းခွင့်ပြုငွေ ခွဲဝေရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အဘယ်ကြောင့် နည်းနေရသနည်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ တိုးမြှင့်ပေးရန် ရှိ၊ မရှိ** သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ငွေကျပ် ၁၁၂ ဒသမ ၇၁ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ငွေကျပ် ၁၂၁ ဒသမ ၂၆၅ သန်း ခွဲဝေရရှိခဲ့ပါကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၄၈၅ ဒသမ ၈၁၄ သန်းဖြင့် လမ်းအရှည် ၁ မိုင် ၃ ဖာလုံအား လမ်း အဆင့်မြှင့်တင်ခြင်း၊ Box Culvert နှစ်စင်း တည်ဆောက်ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရန်ပုံငွေ ငွေကျပ် ၇၀၂ ဒသမ ၅ သန်းဖြင့် လမ်းအရှည် ၂၆ မိုင် ၁ ဖာလုံအား လမ်းအဆင့်မြှင့်တင်ခြင်း၊ Box Culvert ငါးစင်း တည်ဆောက်ခြင်း၊ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန်လျာထားပါကြောင်း။

လေရှီးမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၂၄၀ သန်းဖြင့် လမ်းအရှည် ၁ မိုင် ၃ ဖာလုံအား အဆင့်မြှင့်တင်ခြင်း၊ Box Culvert ၁၀ စင်း တည်ဆောက်ခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ငွေကျပ် ၇၀၃ သန်းဖြင့် လမ်းအရှည် ခြောက်မိုင်အား လမ်းအဆင့်မြှင့်တင်ခြင်း၊ Box Culvert ၂၄ စင်း တည်ဆောက်ခြင်း၊ ဘေလီတံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပါကြောင်း၊ လဟယ်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် သန်း ၂၅၀ ဖြင့် လမ်းအရှည် ၈ မိုင် ၃ ဖာလုံအား အဆင့်မြှင့်တင်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ၇၀၂ ဒသမ ၅ သန်းဖြင့် လမ်းအရှည် ၂၄ မိုင် ၇ ဖာလုံအား အဆင့်မြှင့်တင်ခြင်း၊ Box Culvert သုံးစင်း တည်ဆောက်ခြင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါကြောင်း။

## ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေတိုးမြှင့်လျာထား ဆောင်ရွက်လျက်ရှိ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးလက်လမ်းတံတားများ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ၌ ၉၇၅ ဒသမ ၈၁၄ သန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ငွေကျပ် ၂၁၀၈ သန်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေတိုးမြှင့်လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၏ **သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လုံလောက်သော ဝန်ထမ်းအင်အား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဝန်ထမ်းတစ်ဦးလျှင် ကျေးရွာကိုးရွာခန့် တာဝန်ယူဆောင်ရွက်နေရသဖြင့် ဝေးလံခေါင်ပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွက်ပြည့်နှင်းဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ ဝန်ထမ်းအင်အားပြုန်းတီးမှု နှစ်စဉ် ၁၅၀ ခန့်ရှိသဖြင့် အဆိုပါ ပြုန်းတီးဝန်ထမ်းအင်အားကို ဖြည့်တင်းနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအင်အား ၆၀၀ အသစ်ဖြည့်တင်းခန့်အပ်နိုင်ရေး လျာထားပြီးဖြစ်ပါကြောင်း၊ ပြုန်းတီးဝန်ထမ်းအင်အားကို ဖြည့်တင်းနိုင်ရေးအတွက် ခွင့်ပြုချက်ရရှိပါက သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပါအဝင် ဝန်ထမ်းအင်အားနည်းပါးသည့်ဒေသများ၌ လုပ်ငန်းလိုအပ်ချက်နှင့် အင်အားလိုအပ်မှုအပေါ်မူတည်၍ လုံလောက်သောဝန်ထမ်းအင်အား ဖြည့်တင်းနိုင်ရေး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဒေသခံများကို ဦးစားပေးခန့်ထားရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **သံတွဲမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရန်အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအပေါ် မည်ကဲ့သို့ အထူးကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့နယ်တွင် ဖျက်ပုံထားသော တံတားဟောင်းမှပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် မင်းဘူး(စကု)မြို့နယ်အတွင်း အမှန်တကယ်လိုအပ်နေသောနေရာများတွင် တံတားငယ်များ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်းကောင်း၊ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ထံမှ (T&C Group Co.,Ltd.) လုပ်ပိုင်ခွင့်ရမြေဧရိယာ၊ ခွင့်ပြုမိန့်၊ အမိန့်စာအမှတ်နှင့် ရက်စွဲလွှဲမှားဖြေကြားခြင်းအပေါ် မည်သို့တာဝန်ယူဆောင်ရွက်မည်နှင့် လုပ်ပိုင်ခွင့်ချမှတ်ထားသော မြေပုံအချို့ကို မြေပြင်၌ မည်သည့်အချိန်တွင် ကွင်းဆင်းစစ်ဆေးမည်တို့ကို သိလိုခြင်း** မေးခွန်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့နယ် ပင်လယ်နားကျေးရွာရှိ ကွင်းအမှတ် (၆၆၀) ကွင်းချိန်အနောက်၊ ဦးပိုင်အမှတ် (၂၇၃)ရှိ ၁ ဒသမ ၉၀ ဧက မြေပေါ်တွင် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ရန် စက်ရုံတစ်ခုတည်ဆောက်နေသည်ကိုတွေ့ရှိရာ အဆိုပါစက်ရုံနှင့်စပ်လျဉ်း၍ သိရှိလိုခြင်း** မေးခွန်းနှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၂-၅-၂၀၁၇ ရက်နေ့တွင် မေးမြန်းခဲ့သည့် မေးခွန်း၏ ဆက်စပ်မေးမြန်းချက်အား ပြန်လည်စိစစ်ပေးပါမည်ဟု ကတိပေးခဲ့သော်လည်း ယနေ့အထိ တိုးတက်မှုမရှိ၍ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသည့် **လယ်ယာသားငါး ထုတ်ကုန်များ သင့်တင့်သော ဈေးနှုန်း၊ စဉ်ဆက်မပြတ် ဈေးကွက်များ တည်ရှိစေရန် မြို့နယ်အလိုက် "တောင်သူလယ်သမား ဈေးကွက်စနစ်" (Farmer Market System) ထူထောင်၍ ပိုမိုဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို**ကို တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းအောင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်နှင့် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်က ဆွေးနွေးရာတွင် Farmer Market များကို တည်ထောင်ရန်အတွက် ငွေကြေးအမြောက်အမြား လိုအပ်မည်ဖြစ်ပါကြောင်း၊ လတ်တလောအခြေအနေမှာ အစိုးရ၏ဘဏ္ဍာရေးအခြေအနေသည် နှစ်စဉ်ဆက်တိုက် လိုငွေပြဘတ်ဂျက်နှင့် သွားနေရသည့်အတွက် အဆိုရှင်တင်ပြသကဲ့သို့ မြို့နယ်တိုင်းတွင် Farmer Market ကို တည်ထောင်ရန်အတွက် အလှမ်းဝေးနေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းများကို မက်လုံးပေးဖိတ်ခေါ်ပြီး ပူးပေါင်းပါဝင်စေသင့်သည်ဟု အကြံပြုတင်ပြလိုပါကြောင်း၊ လုပ်ငန်းတည်ထောင်သူလုပ်ငန်းရှင်များကို နှစ်ရှည် ဘဏ်ချေးငွေပေးရန်နှင့် အခွန်သက်သာခွင့်ပေးရန်တို့ လိုအပ်သောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံတော်ပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့်လည်း ပေါင်းစပ်ညှိနှိုင်းသင့်ပါကြောင်း၊ ဈေးကွက်သစ်များ ပေါ်ထွန်းရေးအတွက်လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံရေလုပ်ငန်းရှင်များအသင်းချုပ်စသည့် အသင်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## Farmer Market System မြို့နယ်တိုင်းတွင် တည်ထောင်ရန် မဖြစ်နိုင်သေး

အဆိုတွင် ပါရှိသကဲ့သို့ Farmer Market System မြို့နယ်တိုင်းတွင် တည်ထောင်ရန် ဆိုသည်မှာ နိုင်ငံတော်၏ လက်ရှိဘဏ္ဍာငွေအခြေအနေအရ မဖြစ်နိုင်သေးပါကြောင်းနှင့် ရေရှည်ရည်မှန်းချက်အဖြစ်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လတ်တလောတွင် ခရိုင်မြို့များတွင်ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးထွန်းကားသည့်မြို့များတွင်ဖြစ်စေ စတင်တည်ထောင်ရန် အချိန်ကျပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေနှင့်လည်း မလုံလောက်နိုင်သောကြောင့် ပုဂ္ဂလိကကဏ္ဍကိုလည်း လမ်းဖွင့်ပေးရန် ပြည် ထောင်စုအစိုးရအနေဖြင့် ဦးစီးဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာနှင့် သားငါးလုပ်ငန်းဆောင်ရွက်သူများနှင့် စားသုံးသူများအကြား နှစ်ဦးနှစ်ဖက် မနစ်နာစေဘဲ သင့်တင့်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန်အတွက် အခြေခံဈေးနှုန်းများ သတ်မှတ်နိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေး၊ အစားအသောက် ဘေးကင်းလုံခြုံစိတ်ချနိုင်စေရေးနှင့် အာဟာရပြည့်စုံသည့် အစားအသောက်များ ထုတ်လုပ်နိုင်စေရေးအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အရည်အသွေးမြှင့်တင်နိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ထုတ်ကုန်များ အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးမွေးမြူရေး နည်းပညာများ ရရှိစေရန်နှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပဈေးကွက်တိုးချဲ့ရာတွင် တရားဝင်ဖြစ်ရေးအတွက် အစိုးရအချင်းချင်း ဆွေးနွေးညှိနှိုင်းခြင်း၊ လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်ဈေးနှုန်းတိုးမြှင့်စေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း (Farmer Market System) နှင့် အလားသဏ္ဍာန်တူသည့် ကုန်စည်ဒိုင်များအား ပြည်နယ်/တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်း၊ မွန်၊ ကချင်၊ ကယား၊ ရခိုင်ပြည်နယ်တို့တွင် ၆၅ ဒိုင် ဖွင့်လှစ်ထားပြီး လယ်ယာထွက်ကုန်များအား လက်လီလက်ကား ရောင်းဝယ်ခွင့်ပြုပေးလျက်ရှိရာ တောင်သူလယ်သမားများ သင့်တင့်သော ဈေးနှုန်းနှင့်ဈေးကွက်ရရှိရေး အထောက်အကူပြုနိုင်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း။

မြို့နယ်အလိုက် တောင်သူလယ်သမားဈေးကွက်စနစ် (Farmer Market System) ထူထောင်ဆောင်ရွက်ရန်အတွက် ခိုင်မာသော တောင်သူလယ်သမားအစုအဖွဲ့ပေါ်ပေါက်လာရန် အဓိကကျသည့် အချက်တစ်ရပ်အဖြစ် လိုအပ်ပါကြောင်း၊ အဆိုပါ ခိုင်မာသောအဖွဲ့အစည်းများရှိမှသာ ဈေးကွက်ထိန်းကျောင်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိသော၊ စုပေါင်းရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသော အလေ့အကျင့်ကောင်းများ **စာမျက်နှာ ၅ သို့**


ဒုတိယဝန်ကြီး ဦးကျော်လင်း


လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး


ဒုတိယဝန်ကြီး ဦးလှကျော်


သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်


သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်


မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း

# သံတောင်ကြီးမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်


ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီတို့က အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်အနေဖြင့် UN Global Compact for safe, orderly and regular migration စာချုပ်အပေါ် လက်မှတ်ရေးထိုးရသည့် အကြောင်းအကျိုးကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က UN Global Compact for safe, orderly and regular migration (GCM)သည် သဘောတူညီချက်စာချုပ်မဟုတ်ဘဲ ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသော (Non - Legally binding) မူဘောင်သဘောတူညီချက် တစ်ရပ်သာ ဖြစ်ပါကြောင်း၊ ထို့ပြင် GCM သည် နိုင်ငံတကာစာချုပ် မဟုတ်သည့်အပြင် လက်မှတ်ရေးထိုးခဲ့သည်ဆိုခြင်းမှာလည်း မဟုတ်ပါကြောင်း၊ GCM ကို အတည်ပြုသည့် အဆိုမူကြမ်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ခဲ့စဉ်က မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၅၂) နိုင်ငံက ထောက်ခံမဲပေးခဲ့ကြပါကြောင်း။

## GCM ပါ မူဘောင်များကို အကောင်အထည်ဖော်ရေးသည် အချုပ်အခြာ အာဏာပိုင်နိုင်ငံ၏ လုပ်ပိုင်ခွင့်ဖြစ်

ထို့ကြောင့် GCM ကို ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အခြားနိုင်ငံအများစုနှင့်အတူ ထောက်ခံမဲပေးခဲ့ခြင်းသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများချမှတ်ရေးနှင့် GCM ပါ မူဘောင်များကို အကောင်အထည်ဖော်ရေးသည် အချုပ်အခြာ အာဏာပိုင်နိုင်ငံ၏ လုပ်ပိုင်ခွင့် ဖြစ်သည်ဟူသော အချက် ရှင်းလင်းစွာပါရှိခြင်း၊ မြန်မာနိုင်ငံမှ ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်ကြသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးကို အထောက်အကူပြုစေမည်ဖြစ်ခြင်း စသည့်အကြောင်းများကြောင့် မိမိတို့ဌာနအနေဖြင့် ကြောင်းကျိုးခိုင်လုံစွာ စဉ်းစားပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။


ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်


ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်တုတ်

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ **ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခု အမြန်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းတာဝန်များကို ပိုမိုပီပြင်စွာ ထမ်းဆောင်နိုင်ရန် ဖွဲ့စည်းပုံအသစ်ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ရာတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ဘဏ်ခွဲအသစ်တစ်ခုဖွင့်လှစ်နိုင်ရေးကိုလည်း ထည့်သွင်းတင်ပြထားရှိပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုချက်ရရှိသည့်အခါတွင် ဘဏ်ခွဲဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **မြန်မာနိုင်ငံနှင့် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများအကြားရှိ နယ်နိမိတ်မှတ်တိုင်များ တိတိကျကျ သတ်မှတ်တိုင်းတာပြီးစီးမှုရှိ/ မရှိကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လမ်းမတော်-ခေါင်းတုတ် - တင်းမလမ်းမှ ရန်ကုန် - စစ်တွေ အဝေးပြေးလမ်းသို့ ဆက်သွယ်ထားသည့် တပ်ရှောင်ဖြတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ် မတူပီ - မင်းတပ်ကားလမ်းဘေးရှိ လေရှိကျေးရွာမှ ကြုတ်ကျေးရွာသို့ လမ်းတာချဲ့ခြင်း (၁၂)မိုင်နှင့် မိုင်တိုင်(၆၈)မှ ဝေးလောင်းကျေးရွာသို့ (၁၃)မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**တို့နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဝင် ဒေါ်မမလေးက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်တုတ်က ကော်မတီ၏ **"မိမိတို့လူ့ဘောင် အဖွဲ့အစည်းနှင့် စီးပွားရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော သင်ရိုးညွှန်းတမ်းများအား ပြုစုခြင်း၊ သင်ကြားလေ့ကျင့် အကဲဖြတ်ခြင်း" စုံစမ်းလေ့လာမှု အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် စုံစမ်းလေ့လာမှု၊ ဆွေးနွေးမှုများအရ ကော်မတီသည် KG Grade - 1၊ Grade - 2 သင်ရိုးသစ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပတ်သက်သည့် အကြံပြုချက်များ ရရှိခဲ့ပါကြောင်း၊ အကြံပြုချက်များအနေဖြင့် ပညာရေးဝန်ကြီးဌာနသည် ကျောင်းများအားလုံးအတွက် သင်ကြားရေးအထောက်အကူပစ္စည်းများ အလုံအလောက်ရှိစေရန်ဆောင်ရွက်သင့်ပါကြောင်း၊ သင်ရိုးသစ် အကောင်အထည်ဖော်ခြင်းနှင့် သင်ကြားခြင်း အရည်အသွေးပြည့်မီမှုကို စောင့်ကြည့် အကဲဖြတ်ရန်၊ ဗဟိုအဆင့်တွင် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ ဖွဲ့စည်းထားရှိပြီး ဖြစ်သော်လည်း အောက်ခြေအဆင့်ဆင့်တွင် ထပ်မံဖွဲ့စည်းပြီး ကြပ်မတ်ပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် မူလတန်းအဆင့် Grade - 5 နှင့် အလယ်တန်းအဆင့် Grade-9 တို့ကို နိုင်ငံတကာအဆင့်မီ မေးခွန်းလွှာပုံစံများအတိုင်း စစ်ဆေးသင့်ပါကြောင်း၊ သင့်တော်သောကျောင်းသားနှင့်ဆရာ အချိုးရှိစေရန်လိုအပ်ခြင်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုးကိုလည်း KG တန်းတွင် (၂၀)၊ မူလတန်းအဆင့်တွင် (၃၀)၊ အလယ်တန်းအဆင့်တွင် (၄၀) သတ်မှတ်သင့်ပါကြောင်း၊ ဆရာများသည် ကျောင်းသားတစ်ဦးချင်းစီအတွက် စုပေါင်းအကဲဖြတ်ခြင်းရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ဘာသာစကားစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် ဆရာ၊ ဆရာမများသည် အင်္ဂလိပ်ဘာသာသင်ကြားချိန်တွင် စာသင်ခန်းသုံး ဘာသာစကားကို အင်္ဂလိပ်ဘာသာစကားအဖြစ်သာ ပြောဆိုသင်ကြားသင့်ပါကြောင်း၊ သင်ရိုးသစ်များ သင်ကြားခြင်းကို အထောက်အကူဖြစ်စေရန်အတွက် ခေတ်မီစာသင်ကြားနည်းများ၊ သင်တန်းများ ပေးသင့်ပါကြောင်း။

ကလေးများ၏ ပညာရေးတွင် မိဘများပါဝင်ခြင်းသည် အိမ်တွင်းသင်ယူမှု၊ ကျောင်းကိုလေးစားမှုနှင့် ဘဝတစ်လျှောက် သင်ယူမှုများကို ပိုမိုဖြစ်ထွန်းစေပါကြောင်း၊ ထို့ကြောင့် မိဘများ ကျောင်းသို့လာရောက် လည်ပတ်ရန် ဖိတ်ကြားပြီး ကျောင်းသားများအား သင်ကြားနေခြင်းများကို ပြသခြင်း၊ ကျောင်းတွင်းလှုပ်ရှားမှုများတွင် သားသမီးများ၏ စွမ်းဆောင်ရည်များ၊ အမူအကျင့်များကို မိဘများနှင့် တစ်ဦးချင်းစီ ဆွေးနွေးမှုများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းတိုင်းတွင် ဘာသာရပ်တစ်ခုချင်းစီအတွက် ဆရာကိုင်လမ်းညွှန်စာအုပ်များ အနည်းဆုံး (၂)စုံစီ ထားရှိသင့်ပါကြောင်း၊ ကလေးများအားလုံး KG တန်းတွင် သင်ယူမှုအတွေ့အကြုံများကို ရရှိစေရန် စတင်တက်ရောက်သင့်ပါကြောင်း၊ ဂီတ၊ အနုပညာနှင့် ကာယဘာသာရပ်များကို အလေးအနက်ထား၍ စံနှုန်းမြင့်စွာ သင်ကြားနိုင်ရန်အတွက် အထူးပြုဆရာ၊ ဆရာမများခန့်အပ်ရန် လိုအပ်ပါကြောင်း၊ သင်ရိုးသစ်များကို ကျောင်းအားလုံးရှိ အတန်းအားလုံးတွင် ပြီးပြည့်စုံစွာ သင်ကြားနေခြင်းကို စိစစ်ရန် မြို့နယ်၊ ခရိုင်၊ တိုင်းပညာရေးမှူးများကို တာဝန်ပေးသင့်ပြီး တပည့်များ၏ တိုးတက်မှုများကိုလည်း စောင့်ကြည့်သင့်ပါကြောင်း။

ထို့ကြောင့် စုံစမ်းလေ့လာမှုတွင် တွေ့ရှိခဲ့ရသည့် အဓိကကိစ္စရပ်များနှင့် ပြည်သူများ၏ အကြံပြုချက်များပါဝင်သည့် ယခုအစီရင်ခံစာကို ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသူများကို လွှတ်တော်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်ကို အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

❐ **စာမျက်နှာ ၄ မှ**

ဆောင်ရွက်နိုင်မည့် တောင်သူအစုအဖွဲ့များ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလလည်း ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လက်ရှိကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်တွင် တောင်သူလယ်သမား ဈေးကွက်စနစ်ဖော်ဆောင်ပေးရန် သိုလှောင်ထိန်းသိမ်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများသည် အရေးပါပြီး ယင်းအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် သိုလှောင်ရုံကဲ့သို့သော အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ ဈေးနှုန်းနှင့် စဉ်ဆက်မပြတ် ဈေးကွက်ရရှိရေးအတွက် ရောင်းဝယ်သည့်စနစ်များ သတ်မှတ်ပြဋ္ဌာန်းကာ လေ့ကျင့်ပြုစုပေးရန်လည်း အချိန်ကာလတစ်ခု လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် အဆိုသည် အဆိုကောင်းတစ်ရပ်ဖြစ်သော်လည်း လက်ရှိအခြေအနေ အချိန်အခါနှင့် အခြေအနေပေးမှု အနေအထားအရ မြို့နယ်အလိုက် တောင်သူလယ်သမားဈေးကွက်စနစ် (Farmer Market System) ထူထောင်နိုင်ရန်အတွက် မိမိတင်ပြခဲ့သည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက် (သတင်းစဉ်)**

# ဒစ်ဂျစ်တယ်မြန်မာစာနှင့် ယူနီကုဒ်စံကူးပြောင်းရေး

## ယူနီကုဒ်စံစနစ်ကိုအသုံးပြုနိုင်မှသာ မြန်မာစာနှင့် တိုင်းရင်းသားစာများ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်လာမည်

ယူနီကုဒ်ဆိုသည်မှာ တစ်ကမ္ဘာလုံးရှိ ဘာသာစကားအားလုံးကို ကွန်ပျူတာစနစ်အမျိုးမျိုးတွင် ရေးဖတ်နိုင်ရန်၊ အပြန်အလှန်တွဲဖက်အသုံးပြုနိုင်ရန်နှင့် အဆင့်မြင့်သော ဘာသာစကားအသုံးပြုခြင်း ဆောင်ရွက်မှုများစွမ်းဆောင်နိုင်ရန်ရည်ရွယ်၍ အက္ခရာများအား နံပါတ်သတ်မှတ်သိမ်းဆည်းခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းဖြစ်ပါသည်။ ယူနီကုဒ်စံစနစ်ကို Unicode Consortium အဖွဲ့အစည်းက နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း (International Standard Organization, ISO) နှင့် နိုင်ငံတကာအီလက်ထရွန်နစ်ဆိုင်ရာနည်းပညာကော်မရှင် (International Electrotechnical Commission, IEC) တို့နှင့် ပူးပေါင်းကာ နည်းပညာအချက်အလက်များ (Character Database, Technical Standards, Technical Notes, Common Locale Data Repository) ကို သတ်မှတ်ပြီး ပြဋ္ဌာန်းထုတ်ပြန်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း (ISO) ၏ ISO/IEC 10646 စံချိန်စံညွှန်းအရ Universal Coded Character Set တွင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအားလုံးအတွက် အက္ခရာပေါင်း ၁၃၇၀၀၀ ကျော် သတ်မှတ်ထားပါသည်။




ယူနီကုဒ်စံကိုအသုံးပြုခြင်းအားဖြင့် မြန်မာစာနှင့် တိုင်းရင်းသားစာများကို ကမ္ဘာတစ်ဝန်းရှိ ဘာသာစကားများနှင့် တွဲဖက်ကာ အပြန်အလှန်ရေးသားအသုံးပြုနိုင်မည့်အပြင် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းအသုံးပြုရာတွင် အက္ခရာစဉ်ခြင်း၊ ရှာဖွေခြင်းနှင့် ဘာသာပြန်ခြင်း အစရှိသောဘာသာစကားများနှင့်သက်ဆိုင်သည့် အခြေခံနှင့် အဆင့်မြင့်လုပ်ငန်းစဉ်များကို ဆော့ဝဲစနစ်မျိုးစုံတွင် လွယ်လင့်တကူ အသုံးပြုလာနိုင်ကြပါလိမ့်မည်။ Gboard, Google Translate, Google Maps,Google Lens, Microsoft Office, ICU, CLDR အစရှိသော နိုင်ငံတကာဆော့ဝဲစနစ်များနှင့် Windows, Mac, Linux, Android, iOS အစရှိသော Operating Systems များသည် ယူနီကုဒ်စံစနစ်ကိုသာ အခြေခံထားကြသည့်အတွက် ၎င်းဆော့ဝဲများကိုလည်း ပိုမိုတွင်ကျယ်စွာ အကျိုးရှိရှိ အသုံးပြုလာနိုင်ကြမည်ဖြစ်ပါသည်။





လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ယူနီကုဒ်စံကို ပြောင်းလဲသုံးစွဲနိုင်ခြင်းမရှိသေးသည့် တစ်ခုတည်းသောနိုင်ငံ ဖြစ်ပါသည်။ အခြားနောက်ဆုံးနိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တွင် ယူနီကုဒ်စံစနစ်သို့ ကူးပြောင်းသုံးစွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ယူနီကုဒ်ခရီးစဉ်မှာ နှစ် ၂၀ ခန့် ကြာရှိခဲ့ပြီဖြစ်ပါသည်။ မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့် မြန်မာကွန်ပျူတာပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် မြန်မာသတ်ပုံကျမ်းပါ အစဉ်လိုက် သတ်မှတ်ထားသည့် မြန်မာအက္ခရာ ၇၈ လုံးအတွက် စံသတ်မှတ်ခြင်းကို ၁၉၉၉ ခုနှစ်တွင် ထွက်ရှိသော Unicode 3.0 တွင် စတင်ပါဝင်ခဲ့ပါသည်။ ထို့နောက်တွင် မြန်မာစာအဖွဲ့ဝင် ဆရာကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာကွန်ပျူတာပညာရှင်များ၊ တိုင်းရင်းသားစာပေပညာရှင်များ၏ ဆက်လက်ကြိုးပမ်းမှုများကြောင့် အဆင့်ဆင့်တိုးတက်မှုရရှိခဲ့ပါသည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ်တွင် ထွက်ရှိသော Unicode 5.1 တွင် မြန်မာအက္ခရာ ၁၅၆ လုံး၊ ၂၀၀၉ ခုနှစ်တွင် ထွက်ရှိသော Unicode 5.2 တွင် မြန်မာအက္ခရာ ၁၈၈ (၁၆၀ + ၂၈ Extended A) လုံး၊ ၂၀၁၄ ခုနှစ်တွင် ထွက်ရှိသော Unicode 7.0 တွင် မြန်မာအက္ခရာ ၂၂၃ (၁၆၀ + ၃၂ Extended A + 31Extended B) လုံး အဆင့်ဆင့်တိုးတက်ရရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ISO/IEC 10646: 2017 သတင်းအချက်အလက်နည်းပညာ -- နိုင်ငံတကာသုံးယူနီကုဒ်စံစနစ်ကို မြန်မာစံချိန်စံညွှန်းတစ်ခုအဖြစ် အဆင့်ဆင့်စနစ်တကျဆောင်ရွက်သတ်မှတ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ အစိုးရရုံးများတွင် ယူနီကုဒ်စံကိုလိုက်နာ၍ တိုင်းရင်းသားစာများကိုပါ တွဲဖက်ရေးဖတ်နိုင်သော "ပြည်ထောင်စုဖောင့်"ကို တရားဝင်ရုံးသုံးဖောင့်အဖြစ် စတင်ပြောင်းလဲအသုံးပြုနိုင်ခဲ့ကြပြီဖြစ်ပါသည်။ အများပြည်သူလည်း ယူနီကုဒ်စံစနစ်သို့ ပြောင်းလဲအသုံးပြုရန်လိုအပ်ပါသည်။ ရေးသူ၊ ဖတ်သူ တစ်ပြိုင်နက်တည်းပြောင်းမှသာ အောင်မြင်နိုင်သည့်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကို အများပြည်သူ ယူနီကုဒ်စံကူးပြောင်းသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။


အများယူဆသကဲ့သို့ ယူနီကုဒ်ဆိုသည်မှာ ဖောင့်နှင့် ကီးဘုတ် မဟုတ်ပါ။ ယူနီကုဒ်သည် ဖောင့်နှင့် ကီးဘုတ်

### ဒေါက်တာထွန်းသူရသက် (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)

ဆော့ဝဲရေးသားသူများ လိုက်နာရမည့်စံစနစ်တစ်ခု ဖြစ်ပါသည်။ မြန်မာစာဖောင့်များနှင့် ကီးဘုတ်များ ရေးသားရာတွင် ယူနီကုဒ်စံစနစ်သာမက မြန်မာစာစံရေးထုံးနှင့် ကိုက်ညီရန်လိုအပ်ပါသည်။ မြန်မာစာရေးသားရာတွင် ဗျည်း၊ ဗျည်းတွဲ၊ သရ ဟူ၍ ရှိပါသည်။ ဗျည်းနှင့် ဗျည်းတွဲကို ထိဆက်အောင်ရေးသားရပြီး ဗျည်း၊ ဗျည်းတွဲကို သရနှင့် ထိဆက်အောင် မရေးသားရပါ။ ဥပမာ "ကျောင်း" ဟူသောစကားလုံးကိုရေးသားရာတွင် "က" (ကကြီး) နှင့် "ျ" (ယပင့်) ကို ထိဆက်အောင်ရေးသားရပြီး "ေ" (သဝေထိုး)၊ "ာ"(ရေးချ)၊ "င်" (ငသတ်) နှင့် "း" (ဝစ္စပေါက်) တို့ကို မထိဆက်အောင် ရေးသားရပါသည်။ "ကြောင်း" ဟူသော စကားလုံးကို ရေးသားရာတွင် "ေ"(သဝေထိုး) + "က" (ကကြီး) + "ြ" (ရရစ်) + "ာ" (ရေးချ) + "င်" (ငသတ်) + "း" (ဝစ္စပေါက်) ဟူ၍ ရေးသားရမည်ဖြစ်ပါသည်။ "ေ"(သဝေထိုး) + "ြ"(ရရစ်) + "က"(ကကြီး) + "ာ"(ရေးချ)+"င်" (ငသတ်) + "း" (ဝစ္စပေါက်) မဟုတ်ပါ။ မြန်မာစာကွန်ပျူတာစနစ်ကို တည်ဆောက်ရာတွင် မြန်မာစာစံနှင့်ရေးထုံးမှန်ကန်မှသာ စစ်မှန်သောမြန်မာစာ တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ မြန်မာစာနှင့်တန်းတူ တိုင်းရင်းသားစာများ ရေရှည်တည်တံ့ခိုင်မြဲစေရေးသည်လည်း မြန်မာနိုင်ငံသားများအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။




မြန်မာယူနီကုဒ်စံကူးပြောင်းရေး အောင်မြင်စေရန် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးစားကြရန် လိုအပ်ပါသည်။ အများပြည်သူမြန်မာယူနီကုဒ်စံကူးပြောင်းရေးသည် အစိုးရရုံးများကူးပြောင်းရေးထက် ပိုမို၍အခက်အခဲများစွာ ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ ဆာဗာများ အမျိုးအစားစုံ အချိန်မီပြောင်းလဲရန် လိုအပ်ပါသည်။ ဖုန်းအော်ပရေတာများ၊ စာနယ်ဇင်းနှင့် သတင်းမီဒီယာများ၊ ဘဏ်များ၊ NGO များ၊ အခြားအများပြည်သူနှင့်ဆိုင်သောအဖွဲ့အစည်းများ၊ ဆားဗစ်စင်တာများ၊ ဖုန်းအရောင်းဆိုင်များ၊ ကွန်ပျူတာနှင့် ဖုန်းထုတ်လုပ်သူများ၊ ကွန်ပျူတာအသင်းများ၊ အခြားလုပ်ငန်းရှင်အသင်းအဖွဲ့များ၊ နည်းပညာရှင်များ အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူများ ပြောင်းလဲသုံးစွဲရာတွင် အဆင်ပြေနိုင်မည် ဖြစ်ပါသည်။ ပြည်သူအများစုသည် မိုဘိုင်းဖုန်းမျိုးစုံ၊ မော်ဒယ်မျိုးစုံကို အသုံးပြုနေကြပါသည်။ စနစ်အသစ်များ၊ စနစ်အဟောင်းများ အားလုံးပါဝင်ပါသည်။ နိုင်ငံခြားမှ တိုက်ရိုက်ဝယ်ယူလာသောဖုန်းများတွင် ယူနီကုဒ်စံစနစ်ကို အဆင်သင့်အသုံးပြုနိုင်သော်လည်း မြန်မာနိုင်ငံအတွင်း၌ဝယ်ယူထားသောဖုန်းများတွင် စံစနစ်မကိုက်ညီသောဖောင့်နှင့် ကီးဘုတ်များကို ထည့်သွင်းပြီးဖြစ်သောကြောင့် မူလယူနီကုဒ်ဖောင့်နှင့် ကီးဘုတ်ကို ပြန်လည်ပြောင်းပေးရန်လိုအပ်ပါသည်။ ကွန်ပျူတာနှင့် ဖုန်းကျွမ်းကျင်သူများအတွက် အခက်အခဲမရှိနိုင်သော်လည်း မကျွမ်းကျင်သူများအနေဖြင့် ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် သတင်းစာများ၊ တီဗွီချန်နယ်များ၊ လူမှုကွန်ရက်များ၊ အနုပညာရှင်များ၊ Social Influencers များ၊ Key Opinion Leader (KOL) များမှတစ်ဆင့် အရေးကြီးသောအချက်အလက်များ ပြည်သူများအားလုံးထံ ရောက်ရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ယူနီကုဒ်စံစနစ်သို့ တစ်နိုင်ငံလုံး ကူးပြောင်းသုံးစွဲကြမည်ကို ပြည်သူအားလုံးသိရန်လိုအပ်ပါသည်။ အခက်အခဲမျိုးစုံတွေ့ကြုံလာနိုင်ဖြစ်သဖြင့် ကြိုတင်၍ စမ်းသပ်ပြောင်းလဲထားသင့်ကြောင်း ကြိုတင်အသိပညာပေးခြင်းများ လိုအပ်ပါသည်။




**မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အစိုးရနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်များ တိုးတက်အောင်မြင်နိုင်ရန်နှင့် စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်ကျမကျန်ရစ်စေရန်အတွက် အများပြည်သူအနေဖြင့် အဆင့်မြင့်နည်းပညာများကို မြန်မာစာနှင့် တိုင်းရင်းသားစာများဖြင့်အခြေခံ၍ အသုံးပြုနိုင်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အရေးအကြီးဆုံး အခြေခံလိုအပ်ချက်တစ်ခုဖြစ်**

စာမျက်နှာ ၇ သို့ ❖

# အခြေခံကျန်းမာရေးဝန်ထမ်းများညီလာခံနှင့် ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

အခြေခံကျန်းမာရေးဝန်ထမ်းများညီလာခံနှင့် ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC - 2) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတစ်ဝန်း ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူများအားလုံး ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင်ရေးတို့ပါဝင်သည့် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ဝန်ကြီးဌာနက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေး၊ ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးတို့အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများတွင် လက်တွေ့မြေပြင်၌ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ကောင်းမွန်စေရေးအတွက် အခြေခံကျန်းမာရေး ဝန်ထမ်းပညာရှင်များထံမှ အတွေ့အကြုံနှင့် အကြံဉာဏ်များရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ တာဝန်ဝတ္တရားများကိုလည်း မဖြစ်မနေ အဓိကလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် သာမန်လုပ်ငန်းတာဝန်ဝတ္တရားများအဖြစ် သတ်မှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက်ပိုမိုလျင်မြန်ထိရောက်မှုရှိစေရန်အတွက် လာမည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများကို လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်ဗဟိုမှ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများပြုစုထုတ်ဝေပေးရမည်ဖြစ်ပါကြောင်း။

ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၏ လုပ်ငန်းစွမ်းဆောင်မှုများ၊ လိုအပ်ချက်နှင့် အားနည်းချက်များကို ဆန်းစစ်သုံးသပ်မှုများပြုလုပ်၍ ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲများ ကျင်းပရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များကို ပိုမိုပါဝင်တက်ရောက်ဆွေးနွေးစေလိုပါကြောင်း၊ လူထုကျန်းမာရေးလုပ်သားများနှင့် စေတနာ့ဝန်ထမ်းငှက်ဖျားလုပ်သားများကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးကိုလည်း ညီလာခံတွင် ဝိုင်းဝန်းအကြံပြုကြစေလိုပါကြောင်း။

ဝန်ကြီးဌာန၏ လုပ်ငန်းများပိုမိုပီပြင်အောင်မြင်စေရေး၊ ဝန်ထမ်းများ လုပ်ငန်းခွင်အဆင်ပြေချောမွေ့စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပထမနေ့ ညီလာခံနှင့် ဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆွေးနွေး အကြံပြုမှု၊ အစုအဖွဲ့ဖြင့် ဆွေးနွေးမှုနှင့် အကြံပြုချက်များကိုဆွေးနွေးအတည်ပြုမှုများ ဆောင်ရွက်ကြသည်။

အဆိုပါ ညီလာခံနှင့် ဆွေးနွေးပွဲကို အခြေခံကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို ဆန်းစစ်ဆွေးနွေးရန်၊ အခြေခံကျန်းမာရေးဝန်ထမ်းများ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်နေသည့်အထောက်အပံ့များ၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဆန်းစစ်ဆွေးနွေးရန်၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကျန်းမာရေးစေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးကို ဆွေးနွေးဖော်ထုတ်ရန်၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန်အတွက် အထက်အဆင့် အသီးသီးက တာဝန်ယူပံ့ပိုးပေးရမည့်ကိစ္စများကို ဆွေးနွေးဖော်ထုတ်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ အခက်အခဲ၊ လိုအပ်ချက်နှင့် အကြံပြုချက်များကို ဆန်းစစ်ဆွေးနွေးရန် ရည်ရွယ်ချက်များဖြင့် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Portland State University မှ ECI လုပ်ငန်းတာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Portland State University မှ Early Intervention Program ၏ Program Coordinator, Associate Professor, Dr. HollieHix-Small နှင့် ECI Team အဖွဲ့ဝင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းနှင့် ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကလေးသူငယ်များ မသန်စွမ်းဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရန်အတွက် မသန်စွမ်းဖြစ်ခြင်းကို ကြိုတင်သိရှိနိုင်ပြီး ကာကွယ်ကုသပေးနိုင်သော Early Childhood Intervention (ECI) လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ECI လုပ်ငန်းအတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် ECI Team က မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရှိ ရေဘေးကြောင့် ပျက်စီးသွားသော ECI လုပ်ငန်း အကောင်အထည်ဖော်ရာတွင် အသုံးပြုသည့် အဆောက်အဦကို ပြုပြင်ရန် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

အချုပ်အားဖြင့်တင်ပြရသော် ယူနီကုဒ်စံစနစ်ကိုအသုံးပြုနိုင်မှသာ မြန်မာစာနှင့် တိုင်းရင်းသားစာများ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အစိုးရနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်များ တိုးတက်အောင်မြင်နိုင်ရန်နှင့် စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်ကျမကျန်ရစ်စေရန်အတွက် အများပြည်သူအနေဖြင့် အဆင့်မြင့်နည်းပညာများကို မြန်မာစာနှင့် တိုင်းရင်းသားစာများဖြင့်အခြေခံ၍ အသုံးပြုနိုင်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးအကြီးဆုံး အခြေခံ လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ယူနီကုဒ်စံကူးပြောင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်အောင်မြင်မှုရရှိစေရန် အဓိကကျသောခြေလှမ်းကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

"မြန်မာယူနီကုဒ်စံကူးပြောင်းရေးသည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ ပြိုင်တူရွှေ့မှ ရွှေ့မည့် အရွှေ့တစ်ခုလည်း ဖြစ်ပါသည်"



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းနှင့်ဇနီးတို့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း သတင်းထုတ်ပြန်ဆောင်ရွက်ပေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မန္တလေးမြို့ရှိ ယန္တရားသင်တန်းကျောင်းနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ တံတားဦးစီးဌာန အထောက်အကူပြုဌာနခွဲ(စက်မှု) ပင်မအလုပ်ရုံ (မြောက်)၏ ပင်မအလုပ်ရုံအတွင်းရှိ စက်၊ ယာဉ်၊ ယန္တရားများ ပြင်ဆင်ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ယင်းနောက် အလုပ်ရုံရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးမင်းဆွေက ပင်မအလုပ်ရုံ (မြောက်) တည်နေရာ၊ အဆောက်အဦများ အခြေအနေ၊ ဝန်ထမ်းအင်အား ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းအလိုက် စက်၊ ယာဉ်၊ ယန္တရားများအခြေအနေနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြင်ဆင်ထုတ်ပေးခဲ့သည့် စက်၊ ယာဉ်၊ ယန္တရားအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းခွဲ (မန္တလေး)တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ GIS Training သင်တန်းဖွင့်လှစ်ပို့ချနေမှုအား ကြည့်ရှုအားပေးရာ သင်တန်းခန်းမဆောင်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က GIS Training သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ သင်တန်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**အကျိုးရှိအောင် ဆောင်ရွက်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက GIS စနစ်သည် ဌာနအတွက် များစွာအကျိုးရှိပါကြောင်း၊ ဌာနတွင်းအချက်အလက်များကို မပျောက်ပျက်အောင် ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ကျေးလက်လမ်းများ တိုးတက်လာမှုနှင့်အတူ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်နိုင်ပါက ပို၍ကောင်းမွန်ကြောင်း၊ ယခုသင်တန်းမှ ပို့ချချက်များကို အကျိုးရှိအောင် ဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် သင်တန်းသားများက Upgrade Plan of Rural Road ခေါင်းစဉ်ဖြင့် သရုပ်ပြရှင်းလင်းတင်ပြကြသည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိ လမ်းဦးစီးဌာန သုတေသနဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လမ်းဦးစီးဌာန သုတေသနဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲနှင့် တံတားဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးဌာနခွဲတို့မှ တာဝန်ရှိသူများက လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် ဓာတ်ခွဲခန်း၊ သုတေသန၊ လမ်းခင်းပစ္စည်းအရည်အသွေးစစ်ဆေးခြင်း၊ တံတားပစ္စည်း အရည်အသွေးစစ်ဆေးခြင်း၊ နည်းပညာသင်တန်းများ ပို့ချဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး မြေနမူနာစမ်းသပ်ခန်း၊ ကွန်ကရစ်အရည်အသွေးစမ်းသပ်ခန်းနှင့် လမ်းသုတေသနဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ယန္တရားတပ်ခွဲ(မြောက်) ရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)က ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ စက်၊ ယာဉ်၊ ယန္တရားအခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် လမ်းအထူးအဖွဲ့များရှိ စက်၊ ယာဉ်၊ ယန္တရားများ၊ JICA က လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရားများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ယန္တရားတပ်ခွဲ(မြောက်)က ပြင်ဆင်ပေးနိုင်သည့် စက်၊ ယာဉ်၊ ယန္တရားအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်၊ ယာဉ်၊ ယန္တရားများအား လမ်း၊ တံတားလုပ်ငန်းခွင်များတွင် အကျိုးရှိရှိ စနစ်တကျ အသုံးပြုရန်မှာကြားပြီး စက်၊ ယာဉ်၊ ယန္တရားများထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် တတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် တတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက အမှာစကားပြောကြားပြီး အလှူရှင်များထံမှ အလှူငွေများကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကျင်းပမည်**

၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ်ပေါင်း (၁၀၀) ပြည့်တော့မည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အခမ်းအနားများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအပါအဝင် လုပ်ငန်းကော်မတီ ၁၇ ခုကို ဇူလိုင် ၄ ရက်က စတင်ဖွဲ့စည်းခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားများကို ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ရာ ပထမအကြိမ်တွင် အလှူငွေကျပ် ၂၀၅ သိန်း၊ ဒုတိယအကြိမ်တွင် အလှူငွေကျပ် ၂၂၈ သိန်း လက်ခံရရှိခဲ့ပြီး တတိယအကြိမ်တွင် အလှူငွေကျပ် ၂၀၉၁၅၀၀၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ်သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၁၈၊၂၀၁-၅၄၄၅၈၁၊Email -epprmyanmar@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၅ / ၂၀၁၉**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
| --- | --- | --- |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာနေ အိုက်လိပ်နှင့် ကျော်သူတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာနေ အိုက်လိပ်(ခ)မြင့်မောင်ကျော်(၃၃)နှစ်၊ (ဘ) ဦးစိန်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း) မယ (ပ)၈၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ ကျော်သူ(၃၃)နှစ်၊ (ဘ) ဦးထွန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း) မယ(ပ) ၈၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ တီလောင်ကျေးရွာနေ ဖေသန်းလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ တီလောင်ကျေးရွာနေ ဖေသန်းလေး(၃၈)နှစ်၊ (ဘ)ဦးဘအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း) မယ(ပ)၉၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ခပေါင်းရုံကျေးရွာနေ ဦးပွသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၉ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ခပေါင်းရုံကျေးရွာနေ ဦးပွ(၆၀)နှစ်၊ (ဘ)ဦးပေါ်ဘ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဖန်းဆိပ်)မယ(ပ) ၆/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းနေ ရန်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းနေ ရန်ကျော်(ခ)ရန်ကျော်သွင် (၂၉)နှစ်၊ (ဘ)ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ (ပ) ၃၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ မောင်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ မောင်မောင်(ခ) မောင်မောင်ဆွေ (၄၀)နှစ်၊ (ဘ)ဦးကျော်ဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သက်ဦးရွာသစ်ကျေးရွာနေ ဇော်ရွှေ(၄၃) နှစ်၊ (ဘ) ဦးစံထွန်းတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦး အား မမစ (ရပ်စောက်) မယ(ပ)၄၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) / ၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ အမှတ်(၂)ရပ်ကွက်၊ (၂၈) လမ်းနေ ကျော်မင်းထွန်းနှင့်ဇနီး မစုသိင်္ဂီကျော်တို့သည် မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၉ ရက်နေ့တွင် ညောင်တုန်းမြို့ အမှတ်(၂) ရပ်ကွက်၊ (၂၈) လမ်းနေ ကျော်မင်းထွန်း(ခ)ကျော်လေး(၄၁) နှစ်၊ (ဘ)ဦးမောင်ထွန်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းမှာကြိုတင်တိမ်းရှောင်နေပြီး ဇနီးဖြစ်သူ မစုသိင်္ဂီကျော် (၂၈)နှစ်၊ (ဘ)ဦးညီညီကျော်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ညောင်တုန်း) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၄-၉-၂၀၁၉ ရက်နေ့အထိ စုစုပေါင်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၇၄၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၈၀)ဦး၊ မ(၁၈၃)ဦး၊ ပေါင်း(၁၁၆၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၇၁၂.၈၉၈၄)ဂရမ်၊ ICE(၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၉၆၈၂)ပြား၊ ဆေးခြောက်(၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၊ ဗလမင်းထင်တံတားထိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃) ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာ၌ တရားခံအမျိုးသား(၁) ဦးထံမှ ဘိန်းဖြူ(၁၄၃၀)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူ(၁၁၅၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ဝေ့ခါကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား အကြေမှုန့်(၃၀)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကယန်းသာယာ(တောင်) ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သဃ်္ဃန်းညီနောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၆)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၅) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၇၁)ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မြို့မကညင်တန်းကျေးရွာ၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၅၀၀)ပြား၊ သာဇေကုန်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကံကြီးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀၀)ပြား၊ ဘိန်းဆီခဲ(၂၅၀၀)ဂရမ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်(၆၅/၃)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁) ဦးထံမှ ဆေးခြောက် (၇၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရွာငံမြို့နယ်၊ ညောင်ကုန်းကျေးရွာအနီး အောင်ပန်း-ရွာငံသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၄၂၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ပါချိုးကျေးရွာ အနီးတစ်ဝိုက် နယ်မြေရှင်းလင်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၈၄၀)ပြား၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ Corolla ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃) ဦးထံမှ စိတ်ကြွဆေးပြား(၁၆၈၇)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကျိုင်းလပ်မြို့နယ်၊ ကျကကျေးရွာနှင့် ကော်မိုင်ဟုန်းကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် တောင်ယာအနီးမှ ပိုင်ရှင်မဲ့ ကဖင်း(၂၅၀၀၀)ဂရမ်၊ မဘိမ်းမြို့နယ်၊ ပင်ကြိမ်ရွာသစ်ကျေးရွာအနီး ပေါင်းနက်တံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ကျိုင်းတုံမြို့နယ်၊ တောင်ခြေကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပန်မတ်ကျေးရွာအနီး ပန်မတ်-ရင်ကွဲတောင်သွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၄)စီးအား စိစစ်ရန် ရပ်တန့်ခိုင်းစဉ် ဆာလာအိတ်များပစ်ချ၍ နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားပြီး ကျန်ရှိခဲ့သည့် ဆာလာအိတ်များအတွင်းမှ ICE(၁၅၀၀၀၀)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ ကျောက်တုံးကျေးရွာ၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း (၃) ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၃၁၀) ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ တာချီလိတ်မြို့ တာလေ့ရပ်ကွက်၊ အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်၌ သတင်းအရ သုံးဘီးဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ Hydrochloric Acid (၂၃၀၀)လီတာ၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဆန်ဆိုင်း(ခ) ရပ်ကွက်၌ တရားခံအမျိုးသား(၃) ဦးထံမှ Hydrochloric Acid(၅၉၈၀)လီတာ၊ Isuzu ယာဉ်(၁)စီး၊ Canter ယာဉ်(၁)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ဝမ်ပုံကျေးရွာအဝင် တာချီလိတ်-ဝမ်ပုံသွားကားလမ်း မိုင်တိုင်(၃၇)၌ သတင်းအရ Pajero ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ ICE(၅၀၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုင်းဖြတ်မြို့နယ်၊ နမ့်ယောင်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူးအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မင်းလယ်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ ပိန္နဲကုန်းကျေးရွာ လမ်းပေါ်၌ သတင်းအရ Pajero ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၄၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဝန်းသိုမြို့နယ်၊ (၅)မိုင်လမ်းဆုံအနီး ဝန်းသို-ပင်လည်ဘူးသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၉)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁.၅) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကလေးမြို့နယ်၊ မော်လိုက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ Buprenorphine ဆေးမှုန့်(၃.၂)ဂရမ်၊ တောင်ဖီလာရပ်ကွက်အနီး လိုင်မှုန်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၆၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့နယ်၊ ကျွန်းတောရေရှင်ကျေးရွာအနီး တမူး-ကလေးသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူ(၁၄၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ မြင်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ (၁၃၅)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ ပင်ခုတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၂)ပြား၊ ဘိန်းဖြူ(၁၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကန်ခေါင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၇၆)ပြား၊ ကျွန်းစုမြို့နယ်၊ ချောင်းကြီးဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၁၀)ပြား၊ တောကာကျေးရွာအနီးပင်လယ်ပြင်၌ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၁)ထုပ်အတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၃၁၇)ပြား၊ ကော့သောင်းမြို့နယ်၊ ချောင်းဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၈၆၄၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အမှတ်(၈)ရပ်ကွက်အနီး ရန်ကုန်-မန္တလေးသွား ကားလမ်းဟောင်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀၀)ပြား၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဇဟင်းကျေးရွာအနီး မြိုင်-ဇဟင်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၀.၁၃၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၁၀)ပြား၊ ဘိန်းဖြူ(၄.၆)ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ လားရှိုးမှ တောင်တွင်းကြီးသို့လာသည့် ခရီးသည်တင်ယာဉ်အားရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၅၀)ပြား၊ မိုးကုတ်မြို့ လယ်ဦးရပ်ကွက်၌ တရားခံအမျိုးသား(၂) ဦးထံမှ စိတ်ကြွဆေးပြား (၇၂၉)ပြား၊ ဘိန်းဖြူ(၁၈)ဂရမ်၊ ကျောက်ဆည်မြို့နယ်၊ ကတဲကျေးရွာအနီး ကတဲ-ကြက်ဆင်ကျေးရွာသွားလမ်းဘေး၌ ဖွက်နှစ်နေသည့်ပိုင်ရှင်စိစစ်ဆဲ Mark-II ယာဉ်အတွင်းမှ ဘိန်းဖြူ(၆၉၁၀)ဂရမ်၊ ဘိန်း (၅၉၈၀၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ရမည်းသင်းမြို့နယ်၊ အင်တိုင်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ

စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှ

စိတ်ကြွဆေးပြား(၃၀၀၅၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၈)ပြား၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဆေးခြောက်(၅၀၆)ဂရမ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၅)ပြားအားလည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊တာချီလိတ်မြို့နယ်၊ တာလေမြို့တိုးဂိတ်အနီး၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တူမီးသေနတ်(၁)လက်အားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သည့် ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး မိုင်းဆတ်မြို့နယ်၊ မိုင်းယွန်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံသို့ သယ်ယူပို့ဆောင်ရန်ရည်ရွယ်ချက်ဖြင့် တရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတရားခံ အမျိုးသား(၁၃)ဦးနှင့်အတူ စိတ်ကြွဆေးပြား (၄၀၁၈၀)ပြား၊ ၇၉ မမ လောင်ချာ(၁)လက်၊ ပစ္စတိုသေနတ်(၄)လက်၊ M-၁၆ သေနတ်(၂)လက်၊ AK သေနတ်(၂)လက်၊ ဗုံးသီး(၁၅)လုံး၊ ကျည်မျိုးစုံ(၃၄၅)တောင့်၊ ကျည်အိမ်မျိုးစုံ(၁၂)ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၈-၉-၂၀၁၉ ရက်နေ့မှ ၁၄-၉-၂၀၁၉ ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၂၀)မှု၊ တရားခံကျား(၂၈၂)ဦး၊ မ(၂၈)ဦး၊ ပေါင်း (၃၁၀)ဦး၊ စိတ်ကြွဆေးပြား(၆၀၂၃၅၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃၀)ဂရမ်၊ ဘိန်းဖြူ(၂၀၇၄၅.၁၆၄) ဂရမ်၊ ဆေးခြောက်(၇၇၇၉.၈)ဂရမ်၊ ICE(၆၅၀၀၆၃.၃၉)ဂရမ်၊ ဘိန်း(၁၀၂၄၁၅.၄၃)ဂရမ်၊ ဘိန်းဆီခဲ(၂၅၀၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂.၅)ဂရမ်၊ ဘိန်းစာမှုန့်(၈၆၉၀)ဂရမ်၊ Buprenorphine ဆေးမှုန့်(၃.၂)ဂရမ်၊ ကဖင်း(၂၅၀၀၀) ဂရမ်၊ Hydrochloric Acid(၈၂၈၀)လီတာ၊ လက်နက်မျိုးစုံ(၁၀)လက်၊ ဗုံးသီး(၁၅)လုံး၊ ကျည်မျိုးစုံ(၃၄၅)တောင့်၊ ကျည်အိမ်မျိုးစုံ(၁၂)ခုတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ “**မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန**” အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက Pullman Hotel ၌ ကျင်းပသည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ကမ္ဘာ့ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Mubarak၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်တို့က ဂုဏ်ပြုစကားနှင့် မန္တလေးမြို့တွင် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲပြုလုပ်ရခြင်းတို့ကို ရှင်းလင်းပြောကြားကြပြီး ဝန်ကြီးချုပ်နှင့်အတူ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှစ၍ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး Myamar Billiard Open Long Up, Mandalay Myanmar 2019 ပြိုင်ပွဲတွင် ပထမဆုကို စင်ကာပူနိုင်ငံမှ Mr.Peter Gilchrist၊ ဒုတိယဆုကို ထိုင်းနိုင်ငံမှ Mr.Praprut Chaithanasaku၊ တတိယဆုကို မြန်မာနိုင်ငံမှ ဦးပေါက်စနှင့် ကိုနေသွေးဦးတို့က လည်းကောင်း၊ Billiard Championship 150 Up, Mandalay Myamar 2019 ပြိုင်ပွဲတွင် ပထမဆုကို အိန္ဒိယနိုင်ငံမှ Mr.PankajAdvani၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ ကိုနေသွေးဦး၊ တတိယဆုကို အိန္ဒိယနိုင်ငံမှ Mr.Sourap Kothari နှင့် အင်္ဂလန်နိုင်ငံမှ Mr.Mike Russell တို့ကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် ဆုချီးမြှင့်ခြင်းမှာ ကျင်းပပြီးစီးခဲ့သည့် ဘိလိယက်ပြိုင်ပွဲအတွက် ချီးမြှင့်ခြင်းဖြစ်ပြီး စနူကာပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှစတင်၍ ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**တင်မောင်မန်းကိုယ်ပွား**

❖ ကျောဖုံးမှ

အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါက်တာ ကျော်ငွေကလည်းကောင်း၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရရှိသော ကျောနံပါတ်(၇) တာရာဝင်းထက် (မန္တလေး)နှင့် အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသော ကျောနံပါတ်(၁၀) ဝေဖြိုးကိုကို(မန္တလေး) တို့အား အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးဝင်းမောင်ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသော ကျောနံပါတ်(၉) သိန်းဇော်သီဟ (ရန်ကုန်) အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ တတိယဆုရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်က လည်းကောင်း၊ ဒုတိယဆုရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်က လည်းကောင်း၊ ပထမဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များအပြင် တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**အား/ကာ**

**စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင် လောင်စာလည်းရ ပြည်လည်းလှ**

# ၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ်ကို ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ၌ ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ SAE PAING Development Ltd မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ်ကို ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား)၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်(အမျိုးသား) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၁၂၀ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် စက်တင်ဘာ ၁၆ ရက်မှစတင်၍ အမည်စာရင်းပေးသွင်းနိုင်ပြီး စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၀၉-၇၇၉၈၄၆၇၆၁ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်သည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် စက်တင်ဘာ ၂၄ ရက်နှင့် ၂၇ ရက်တွင် မွန်းတည့် ၁၂ နာရီအထိ (Official Practice Round) ကစားနိုင်မည်ဖြစ်သည်။ အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမယှဉ်ပြိုင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်လိုအပ်ပြီး အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ ထို့ပြင် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများကိုလည်း ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**



# သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ မြစ်ကြီးနားမြို့တွင် ကျင်းပ




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-ဝင်းနိုင်(ကချင်မြေ)

**မြစ်ကြီးနား စက်တင်ဘာ ၁၆**

သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ယနေ့ နံနက်ပိုင်းမှစတင်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းရှိ မဏ္ဍယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ နန်းဖော့ဂေက ညီလာခံကျင်းပသည့် ရည်ရွယ်ချက်နှင့် ယခင်ကျင်းပခဲ့သည့် ညီလာခံ(၆)ကြိမ်ကို မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ မြို့တော်များတွင် လှည့်လည်ပြီး ညီလာခံများအလိုက် ဆောင်ပုဒ်အသီးသီး သတ်မှတ်ကာ ကျင်းပခဲ့မှု၊ ယခု သတ္တမအကြိမ်တွင် “တရားမျှတမှုအတွက် တိုင်းရင်းမီဒီယာ” (Ethnic Media For Justice )ဆောင်ပုဒ်ဖြင့် ကျင်းပမည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်ရေးတွင် သတင်းမီဒီယာကဏ္ဍသည် အဓိကအရေးကြီးပါကြောင်း၊ သတင်းမှန်များကို မီဒီယာကျင့်ဝတ်နှင့်အညီ ဖြန့်ချိပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ကချင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်ကောင်းများလည်း ပေးကြစေလိုပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ဟု တင်စားခေါ်ဝေါ်သည့် သတင်းမီဒီယာအနေဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ပြည်သူနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရလဒ်ကောင်းများ ဖော်ထုတ်နိုင်**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုယ်စားတက်ရောက်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တိုင်းရင်းမီဒီယာညီလာခံများကို သတ္တမအကြိမ်ထိ နှစ်စဉ်ဆက်တိုက်ကျင်းပနိုင်ခဲ့ပြီး ရလဒ်ကောင်းများ ဖော်ထုတ်နိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဆဋ္ဌမအကြိမ်တွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်များကို တိုင်းရင်းမီဒီယာများအနေဖြင့် တိကျမှန်ကန်သည့်သတင်းများ ထုတ်ပြန်ပေးခြင်းများဖြင့် ပါဝင်တိုးမြှင့်ဆောင်ရွက်ရန် အချက် အပါအဝင် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတွင်းမှ အဖြစ်အပျက်များ၊ အထူးသဖြင့် တိုင်းရင်းသားဒေသများမှ သတင်းအချက်အလက်များကို ပြည်တွင်းသာမက နိုင်ငံတကာမှ ပိုမိုသိရှိနားလည်အောင် အရည်အသွေးပြည့်မီစွာဖြင့် သတင်းမီဒီယာလုပ်ငန်းများကို ဦးတည်လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ (Media and Information Literacy-MIL)ဗဟုသုတရရှိပြီး သတင်းတု၊ သတင်းယောင်၊ သတင်းမှားများ၊ အမုန်းတရားနှင့် ပဋိပက္ခများကို ဂရုပြုရှောင်ရှားနိုင်ရန်လိုအပ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးထုန်ဖူးတဂုံက ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တိုင်းရင်းမီဒီယာညီလာခံ လက်ခံကျင်းပနိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဒေသခံအဖွဲ့အစည်းများ၊ မီဒီယာများအနေဖြင့် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသူများအားလုံး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ ညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ ပြည်တွင်း/တိုင်းရင်းသားဒေသအသီးသီးမှ သတင်းမီဒီယာပညာရှင်များ၊ မီဒီယာကွန်ရက်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည် ဖြစ်သည်။

ဆက်လက်၍ တိုင်းရင်းမီဒီယာညီလာခံကို အဖွဲ့လိုက် ဆွေးနွေးခြင်းများ ပြုလုပ်ကြမည်ဖြစ်ရာ အဖွဲ့(၁)တွင် သတင်းထောက်များ၏ လုံခြုံရေးနှင့် မီဒီယာရေရှည်တည်တံ့ခိုင်မြဲရေး (Journalists Safety and Media Sustainability)၊ အဖွဲ့(၂) တွင် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူအပေါ် ဆိုးကျိုးသက်ရောက်မှု (Mega Development Project and Its Environmental Effects/Public Safety)၊ အဖွဲ့(၃)တွင် မီဒီယာလွတ်လပ်မှုနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အလားအလာ (Media Freedom Vs Prospects of Democratic Transition)၊ အဖွဲ့(၄)တွင် ပစ်ခတ်တိုက်ခိုက်မှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ပြုပြင်ပြောင်းလဲရေးနှင့် တိုင်းရင်းမီဒီယာများ၏ လားရာများ(Crashes, Peace Process, Reform & The Trends of Ethnic Media in Myanmar)၊ အဖွဲ့(၅)တွင် တိုင်းရင်းမီဒီယာနှင့် တရားမျှတရေးဆိုင်ရာ ချိတ်ဆက်မှု(Ethnic Media Engagement with Justice) ခေါင်းစဉ်များ သတ်မှတ်ဆွေးနွေးကြမည်ဖြစ်ပြီး အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အကြံပြုချက်များနှင့် ထုတ်ပြန်ကြေညာခြင်းတို့ကို ညီလာခံအစီအစဉ်အတိုင်း စက်တင်ဘာ ၁၈ ရက်အထိ သုံးရက်တာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးမိုး(အင်းလျား)၏ လုံးချင်းဝတ္ထုစာအုပ် သုံးသပ်ချက်စာတမ်းပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ဆုချီးမြှင့်နိုင်ရန် မိုးမိုး(အင်းလျား)၏ လုံးချင်းဝတ္ထုစာအုပ် သုံးသပ်ချက်စာတမ်းပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ စည်းကမ်းချက်များအနေဖြင့် မိုးမိုး(အင်းလျား)၏ ဝတ္ထုစာအုပ်များထဲမှ မိမိအနှစ်သက်ဆုံး လုံးချင်းတစ်အုပ်ကိုသာ သုံးသပ်ရမည်ဖြစ်ပြီး သုံးသပ်ချက်ကို ကွန်ပျူတာစာစီကာ A4 လေးမျက်နှာ (သို့မဟုတ်) ငါးမျက်နှာ ပါရှိရမည်ဖြစ်သည်။

စာမူများကို မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် ကျင်းပရေးကော်မတီ အမှတ် ၁၇၃၊ ၃၃ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဆက်သွယ်ရမည့်ပုဂ္ဂိုလ် မဆုပြည့်လင်း ဖုန်း ၀၉-၄၂၈၃၄၄၅၆ သို့ အောက်တိုဘာ ၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**



# ဖမ်းဆီးထားသည့် ဗြိတိန်ရေနံတင်သင်္ဘော အီရန်လွှတ်ပေးမည်




**တီဟီရန် စက်တင်ဘာ ၁၆**

အီရန်နိုင်ငံသည် ဖမ်းဆီးထားသည့် ဗြိတိန်အလံလွှင့်ထူထားသော ရေနံတင်သင်္ဘော စတီနာအင်ပီရိုကို လာမည့်ရက်ပိုင်းအတွင်း လွှတ်ပေးမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

လက်ရှိတွင် ဥပဒေရေးရာနှင့်တရားစီရင်ရေးရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရေနံတင်သင်္ဘောကို လွှတ်ပေးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သော အပတ်စဉ်သတင်းစာရှင်းလင်းပွဲတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အဘတ်စ်မိုဆာဗီက ပြောကြားခဲ့သည်။

အဆိုပါရေနံတင်သင်္ဘောအား လွှတ်ပေးခြင်းတွင် ကြားဝင်ညှိနှိုင်းမှုတစ်စုံတစ်ရာမျှ ပါဝင်ပတ်သက်မှု မရှိကြောင်းလည်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ ဗြိတိန်ရေနံတင်သင်္ဘော စတီနာအင်ပီရိုသည် ဟော်မုဇ်ရေလက်ကြားမှ တစ်ဆင့်ဖြတ်သန်းနေစဉ် ရေကြောင်းစည်းမျဉ်းများကို ချိုးဖောက်သည့်စွဲချက်ဖြင့် ဇူလိုင် ၁၉ ရက်တွင် အီရန်နိုင်ငံက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် အဆိုပါရေနံတင်သင်္ဘောပေါ်မှ သင်္ဘောသားအဖွဲ့ဝင် ခုနစ်ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်သည်။

စတီနာအင်ပီရိုရေနံတင်သင်္ဘောကိစ္စနှင့် ဗြိတိန်ကဂျီဘရော်တာတွင် ဖမ်းဆီးထားသည့် အီရန်စူပါရေနံတင်သင်္ဘော ဂရေ့စ် ၁ တို့အကြား မည်သည့်ပတ်သက်ဆက်နွှယ်မှုမျှမရှိကြောင်းလည်း အီရန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အက်ဒရီယန်ဒါယာ ၁ ဟု အမည်ပြောင်းထားသည့် ဂရေ့စ် ၁ ရေနံတင်သင်္ဘောကို ဂျီဘရော်တာအာဏာပိုင်များက ဩဂုတ် ၁၆ ရက်တွင် လွှတ်ပေးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊**
**ဘာသာပြန်-အလင်းသစ်**




# တရုတ်ကင်းလှည့်သင်္ဘော လေးစင်း ဂျပန်ရေပိုင်နက်အတွင်းသို့ ဝင်ရောက်

**တိုကျို စက်တင်ဘာ ၁၆**

တရုတ်ကင်းလှည့်သင်္ဘော လေးစင်းသည် အရှေ့တရုတ်ပင်လယ် ဆန်ကာကူကျွန်းအနီးရှိ ဂျပန်ရေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါ တရုတ်ကင်းလှည့်သင်္ဘောများသည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ယူအိုဆူရီကျွန်းရေပြင်သို့ ဝင်ရောက်ခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ တရုတ်ကင်းလှည့်သင်္ဘောများကို ချက်ချင်းထွက်သွားရန် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က သတိပေးခဲ့သည်။

တရုတ်ကင်းလှည့်သင်္ဘောများသည် တစ်နာရီခွဲခန့်အကြာအထိ ယူအိုဆူရီကျွန်းဝန်းကျင်တွင် လှည့်ပတ်မောင်းနှင်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ဂျပန်ရေပိုင်နက်အတွင်းမှ ထွက်ခွာသွားသည်။ တရုတ်ကင်းလှည့်သင်္ဘောများသည် ဆန်ကာကူကျွန်းရေပြင်အတွင်းသို့ ဩဂုတ် ၂၉ ရက်က နောက်ဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# အကြမ်းဖက်နှိမ်နင်းရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှု အီဂျစ်နှင့် အမေရိကန်ပြုလုပ်

**ကိုင်ရို စက်တင်ဘာ ၁၆**

အီဂျစ်နှင့် အမေရိကန် အထူးတပ်ဖွဲ့တို့သည် နှစ်ဖက်အကြား အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုတိုးမြှင့်ရန်အတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အီဂျစ်နိုင်ငံတွင် ပြုလုပ်လျက်ရှိကြောင်း အီဂျစ်တပ်မတော်ပြောရေးဆိုခွင့်ရှိသူ တာမာအယ်လ်ရီဖိုင်းက ပြောကြားသည်။

အီဂျစ်နှင့် အမေရိကန်တပ်ဖွဲ့အကြား စစ်ဘက်အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် နေရာစုံပစ်ခတ်တိုက်ခိုက်ခြင်း၊ လက်လုပ်ဗုံးများနှင့် ထောင်ချောက်များ ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ လေ့ကျင့်ခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့ကြီးများ၊ ဆောက်လုပ်ရေးနေရာများနှင့် လဟာပြင်နေရာများ၌ တိုက်ပွဲဆင်နွှဲခြင်း၊ လူနေရပ်ကွက်အတွင်း အခြေစိုက်သည့် အကြမ်းဖက်သမားများ၏ စခန်းများကို ရှင်းလင်းဖယ်ရှားခြင်းနှင့် ယင်းစခန်းများရှိ အကြမ်းဖက်သမားများကို သုတ်သင်ရှင်းလင်းခြင်း၊ ထိုးစစ်ဆင်မှုအတောအတွင်း အရေးပေါ် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ခြင်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။




အီဂျစ်နှင့် အမေရိကန်အထူးတပ်ဖွဲ့တို့သည် နှစ်ဖက်အကြား စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖလှယ်ရေးအတွက် ရည်ရွယ်လျက် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက စစ်ဘက်အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အီဂျစ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုက ကမကထပြုလုပ်သော ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ်ကို ၁၉၇၉ ခုနှစ်တွင် အစ္စရေးနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အမေရိကန်ထံမှ စစ်ဘက်အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကို နှစ်စဉ် လက်ခံရရှိလျက်ရှိသည်။ အစ္စရေးနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အဓိက မဟာမိတ်နိုင်ငံဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်း၌ ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း ပျက်ကျ၊ ခုနစ်ဦးသေဆုံး

**ဘိုဂိုတာ စက်တင်ဘာ ၁၆**

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းရှိ ကူကာပြည်နယ်တွင် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းက ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ ယင်းလေယာဉ်ငယ်သည် ကူကာပြည်နယ် မြို့တော် ပိုပါရန်မြို့မှ စတင်ပျံတက်ခဲ့ပြီး မကြာမီတွင် လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ပျက်ကျသွားသည့်ခရီးသည်တင်လေယာဉ်ငယ်အား ထရန်ပစီဖီကို လေကြောင်းလိုင်းမှ ပိုင်ဆိုင်ပြီး ကူကာပြည်နယ် မြို့တော်မှ ယင်းပြည်နယ်အတွင်းရှိ အခြားမြို့တစ်မြို့ဖြစ်သည့် လိုပက်ဇ်ဒီမီကေးမြို့သို့ ပျံသန်းစဉ် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာမြို့ပြလေကြောင်းဦးစီးဌာနက ပြောကြားသည်။



အဆိုပါလေယာဉ်ငယ်သည် ပိုက်ပါ-ပီအေ-၃၁-၃၅၀ အမျိုးအစားဖြစ်ပြီး လေယာဉ်ပေါ်တွင် ခရီးသည်ခုနစ်ဦးနှင့် လေယာဉ်ဝန်ထမ်း နှစ်ဦး ပါဝင်သည်။ ယင်းလေယာဉ်ငယ်သည် စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်းနှင့် ဒဏ်ရာရသူ နှစ်ဦးကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ တင်ပို့ထားပြီးဖြစ်ကြောင်း ပိုပါရန်မြို့တော်ဝန်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊**
**ဘာသာပြန်-ဇော်ဝင်း**

# အယ်လ်ဂျီးရီးယား သမ္မတရွေးကောက်ပွဲ ဒီဇင်ဘာလအတွင်း ကျင်းပမည်

**အယ်လ်ဂျီးရီးယား စက်တင်ဘာ ၁၆**

အယ်လ်ဂျီးရီးယားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြားဖြတ်သမ္မတ အဗ္ဗဒဲလ်ကာဒါဘဲန်ဆာလားက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။

အယ်လ်ဂျီးရီးယားနိုင်ငံအား နှစ်ပေါင်း ၂၀ ကြာ အုပ်ချုပ်ခဲ့သည့် သမ္မတ အဗ္ဗဒဲလ်လာဇင်ဘူတီဖလီကာသည် ယခုနှစ် ဧပြီလအတွင်းက ဒီမိုကရေစီလိုလားသူများ၏ ဆန့်ကျင်ဆန္ဒပြမှုများကြောင့် ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် အဗ္ဗဒဲလ်ကာဒါဘဲန်ဆာလားက သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။

အယ်လ်ဂျီးရီးယား ကြားဖြတ်သမ္မတက သမ္မတရွေးကောက်ပွဲကို ဇူလိုင်လတွင် ကျင်းပရန် ကနဦးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ရွေးကောက်ပွဲမတိုင်မီတွင် အာဏာရအထက်တန်းလွှာ အဖွဲ့ဝင်များ အစိုးရအဖွဲ့ထဲမှ ထွက်ခွာရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ခြင်းကြောင့် သမ္မတရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ကျင်းပရန်အချိန် နီးကပ်လာပြီဖြစ်ခြင်းကြောင့် ဆန္ဒပြသူများအနေဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုကြရန် သမ္မတ ဘဲန်ဆာလားက စက်တင်ဘာ ၁၅ ရက်၌ ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ဖော်ပြထားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန်-ဇော်ဝင်း**

# တူရကီ၊ ရုရှားနှင့် အီရန်သမ္မတတို့ ဆီးရီးယားအရေး တွေ့ဆုံဆွေးနွေး



**အန်ကာရာ စက်တင်ဘာ ၁၆**

တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်သည် ယနေ့ အန်ကာရာမြို့တော်၌ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီတို့နှင့် ဆီးရီးယားနိုင်ငံဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပခဲ့သည်။

ရုရှားသမ္မတ ပူတင်နှင့် အီရန်သမ္မတ ရိုဟာနီတို့သည် အန်ကာရာမြို့တော်၌ တူရကီသမ္မတ အာဒိုဂန်နှင့် ၂၀၁၇ ခုနှစ်နောက်ပိုင်း ၎င်းတို့၏ ပဉ္စမအကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ၌ ပူးပေါင်းခဲ့ကြသည်။ အီရန်နှင့်ရုရှားတို့သည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကို ထောက်ခံသည့်နိုင်ငံများဖြစ်ပြီး တူရကီနိုင်ငံက အတိုက်အခံ တိုက်ခိုက်ရေးသမားများကို ထောက်ခံအားပေးခဲ့သည်။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အိုင်ဒလစ်ပြည်နယ်မှ ဒုက္ခသည်များ အစုလိုက်ဝင်ရောက်လာမှုကို ကြိုတင်ကာကွယ်ရန် တူရကီနိုင်ငံက ဦးစားပေးလာခဲ့သည်။ အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ထားသော်လည်း ရုရှားလေကြောင်းပစ်ကူရရှိထားသည့် ဆီးရီးယားတပ်ဖွဲ့များ ဒေသတွင်းသို့ ပုံမှန်ချီတက်လာမှုကို တူရကီနိုင်ငံက စိုးရိမ်သည်။

ဆီးရီးယား၏ အင်အားပြည့် ထိုးစစ်ဆင်မှုကို ဟန့်တားရန် ရုရှားနိုင်ငံနှင့် လွန်ခဲ့သောတစ်နှစ်က ချုပ်ဆိုခဲ့သည့် ကြားခံဇုန်တည်ဆောက်ရေးသဘောတူစာချုပ် အာဏာတည်စေရန် တူရကီနိုင်ငံက အိုင်ဒလစ်ပြည်နယ်၌ စောင့်ကြည့်လေ့လာရေးစခန်း ၁၂ ခု တည်ဆောက်ခဲ့သည်။ “ဒီဇုန်အတွင်းမှာ အကြမ်းဖက်သမား အများအပြားရှိနေဆဲဖြစ်ပြီး တိုက်ခိုက်ရေးသမားတွေက အစိုးရတပ်ဖွဲ့တွေအပေါ် ဆက်လက်ပစ်ခတ်နေပါတယ်”ဟု ကရင်မလင်အကြံပေးပုဂ္ဂိုလ် ယူရီအူရှာကော့ဗ်က စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အိန္ဒိယတောင်ပိုင်း၌ လှေတိမ်းမှောက်မှုဖြစ်ပွား ၁၂ ဦးသေ၊ ၃၀ ပျောက်ဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၆**

စက်တင်ဘာ ၁၅ ရက်က အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ပြည်နယ် ဂူတာဗာရီခရိုင်၌ လှေတစ်စင်းတိမ်းမှောက်ခဲ့ရာ လူ ၁၂ ဦး သေဆုံးပြီး ၃၀ ခန့် ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါ လှေပေါ်တွင် လူ ၆၂ ဦး လိုက်ပါလာခဲ့ပြီး ဂူတာဗာရီခရိုင် ကတ်ရှုလူရူကျေးရွာအနီးတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ လှေပေါ်လိုက်ပါလာသူများအနက် အသက်ကယ်အင်္ကျီဝတ်ဆင်ထားသူ လူ ၂၀ ကို ဒေသခံရွာသားများက ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၁၂ ဦး၏ ရုပ်အလောင်းများကို အခင်းဖြစ်နေရာ၌ တွေ့ရှိခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။ အမျိုးသားဘေးအန္တရာယ်ကယ်ဆယ်ရေးတပ်ဖွဲ့မှ အဖွဲ့ဝင်များနှင့် ဒေသခံရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်ရာနေရာသို့ရောက်ရှိမှ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီက လှေတိမ်းမှောက်မှုတွင် အသက်ဆုံးရှုံးခဲ့သူများအတွက် စိတ်ထိခိုက်ရပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အန်ဒရာပရာဒက်ပြည်နယ် ဂူတာဗာရီခရိုင်တွင် လှေတိမ်းမှောက်မှုဖြစ်စဉ်ကြောင့် လွန်စွာတုန်လှုပ်မိပါကြောင်း၊ မိမိအနေဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ခံစားရပါကြောင်း၊ လက်ရှိအချိန်တွင် အခင်းဖြစ်ပွားရာနေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း မိုဒီက တွစ်တာ၌ ရေးသားခဲ့သည်။ ပျောက်ဆုံးနေသူများအနက် လှေဝန်ထမ်း ၁၀ ဦးခန့် ပါဝင်ကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# တိုင်ဖွန်းမုန်တိုင်းကြောင့် ဂျပန်နိုင်ငံ ချီဘာစီရင်စု၌ အိမ်ထောင်စု ၈၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်

**ချီဘာ(ဂျပန်) စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ ချီဘာစီရင်စုနယ်အတွင်းသို့ ဖာဇိုင်းအမည်ရှိ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် သီတင်းပတ်တစ်ပတ်ခန့်အကြာ ယနေ့အထိ အိမ်ထောင်စု ၈၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

တိုကျိုလျှပ်စစ်စွမ်းအား ကုမ္ပဏီကမူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုသည် မျှော်လင့်သည်ထက် ပိုမိုဆိုးရွားသောကြောင့် လျှပ်စစ်မီးပြတ်တောက်ချိန် ကြာမြင့်သွားခြင်းဖြစ်ပြီး တိုင်ဖွန်းမုန်တိုင်းကြောင့် ဒေသတစ်ခုလုံး လျှပ်စစ်မီးပြတ်တောက်မှုကို စက်တင်ဘာ ၂၇ ရက်တွင် နဂိုမူလအတိုင်း ပြန်လည်တပ်ဆင်နိုင်မည်ဟု ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် ဂျပန်နိုင်ငံ ချီဘာစီရင်စုနယ်နှင့် အခြားစီရင်စုနယ် ခြောက်ခုတို့ရှိ အိမ်ထောင်စုပေါင်း ၉၃၅၀၀၀ ခန့်တွင် လျှပ်စစ်မီးပြတ်တောက်ခဲ့သည်ဟု လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းက ပြောကြားသည်။

ချီဘာစီရင်စုနယ် ဘိုဆိုကျွန်းဆွယ်တောင်ဘက် တာတယ်ယာမာနှင့် မီနာမီဘိုဆိုမြို့တို့တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ဒေသခံပြည်သူများအား ဘေးလွတ်ရာအရပ်သို့ ပြောင်းရွှေ့ကြရန် ဒေသဆိုင်ရာ အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားသည်။

ထို့ပြင် လျှပ်စစ်မီး ပြန်လည်တပ်ဆင်ထားသည့် ဒေသများတွင် ဝိုင်ယာရှော့ခ်အပါအဝင် အခြားသော ပြဿနာများကြောင့် ဖြစ်ပွားလာဖွယ်ရှိသည့် မီးအန္တရာယ်နှင့်ပတ်သက်၍လည်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီနှင့် ကူညီကယ်ဆယ်ရေးလုပ်သားများက ပြည်သူများအား သတိပေးထားသည်။

ချီဘာစီရင်စုနယ်ရှိ သစ်သားအိမ်တစ်လုံးတွင် လျှပ်စစ်မီး ပြန်လည်တပ်ဆင်ခဲ့ပြီးနောက် နာရီအနည်းငယ်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ အသက် ၈၀ အရွယ် အဘိုးအိုတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

**ကိုးကား - ကျိုဒိုနယူးစ်၊ ဘာသာပြန် - ဂျေတီ**





# အမေရိကန်သမ္မတနှင့် အီရန်သမ္မတတွေ့ဆုံရန် အစီအစဉ်မရှိဟုဆို

**တီဟီရန် စက်တင်ဘာ ၁၆**

မကြာမီတွင် ကျင်းပရန်ရှိသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ပြင်ပတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီတို့ တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိကြောင်း အီရန်နိုင်ငံက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ခါးသီးသည့် ရန်ဘက်များဖြစ်သည့် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြားတွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံလုပ်ငန်း အဆောက်အအုံများ တိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့ပြီးနောက် တင်းမာမှုများမြင့်တက်နေစဉ် အီရန်နိုင်ငံက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်းက အီရန်နှင့်အနောက်အင်အားကြီးနိုင်ငံများ သဘောတူညီမှုရရှိထားသည့် အဏုမြူဆိုင်ရာ သဘောတူစာချုပ်မှ အမေရိကန်ပြည်ထောင်စုက တစ်ဖက်သတ်နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအား အကြီးအကျယ်ထိခိုက်စေသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို အမေရိကန်က ပြန်လည်ချမှတ်ခဲ့ပြီးကတည်းက ၎င်းနှစ်နိုင်ငံအကြား တရိပ်ရိပ်မြင့်တက်နေသည့် တင်းမာမှုများ လျှော့ကျစေရေးအတွက် အနောက်ဥရောပ အင်အားကြီးနိုင်ငံများက ကြိုးပမ်းလျက်ရှိနေသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နယူးယောက်မြို့၌ လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပရန်ရှိသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ပြင်ပတွင် အီရန်သမ္မတ ရိုဟာနီနှင့် တွေ့ဆုံဖွယ်ရှိကြောင်း အိမ်ဖြူတော်က စက်တင်ဘာ ၁၅ ရက်က ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း၌ပင် ယခုရက်သတ္တပတ်ကုန်ပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံထုတ်လုပ်ငန်းမှ အဆောက်အအုံများ တိုက်ခိုက်ခံရပြီး ယင်းနိုင်ငံ၏ ရေနံထုတ်လုပ်နိုင်မှုထက်ဝက်ခန့်လျော့ကျသွားစေကာ ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံဈေးနှုန်းများ မြင့်တက်သွားစေခြင်းအတွက် အီရန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ပြစ်တင်စွပ်စွဲမှုများ ပြုလုပ်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# မြို့နယ်အချို့တွင် တရားမဝင်ပျဉ်းကတိုးခွဲသား ၁၄ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ တိုင်းဒေသကြီးများတွင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့သည်။

**သိမ်းဆည်းရမိ**

ထိုသို့ဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မှိုင်းတုံ့ရွာအနီး၌ Alphard ယာဉ်ပေါ်မှ ကျွန်းပရိဘောဂခွဲသားအရွယ်အစားစုံ သုည ဒသမ ၉၁၂၄ တန်ကိုလည်းကောင်း၊ မော်လိုက်မြို့နယ် လမ်းချောင်းအနီး ကိုင်းတောအတွင်း၌ နောက်တွဲပါ ထွန်စက်ပေါ်မှ ကျွန်းပကာ ၂ ဒသမ ၄၉ တန်ကို လည်းကောင်း၊ ကနီမြို့နယ် လာပို့-မင်းကင်းကားလမ်းအနောက်ဘက် မုံတိုးတံတားအနီး၌ Super Custom ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁ ဒသမ ၃၇၉၄ တန်ကို လည်းကောင်း၊ ကလေးဝမြို့နယ် မဟာမြိုင်ဘိနယ်ရွှေကျင်ကြိုးဝိုင်းအတွင်းမှ ကညင်သစ် ၁၁ ဒသမ ၅၃၄၀ တန်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆီဆုံကျေးရွာ အရှေ့မြောက်ဘက်မှ ပျဉ်းကတိုးခွဲသား ၁၄ ဒသမ ၅၈၅၂ တန်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပခုက္ကူ-မြိုင်ကားလမ်း မုံညင်းရွာအဝင် လမ်းဘေးအနီးမှ ပိတောက်ခွဲသား ၃ ဒသမ ၅၇၀၆ တန်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီးအနီး၌ Nissan Diesel ယာဉ်ပေါ်မှ ကျွန်းခွဲသား အရွယ်အစားစုံနှင့် တံခါးချပ် စုစုပေါင်း ၉ ဒသမ ၇၃၇၆ တန်ကိုလည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**






# မြေသယ်ယာဉ်ခေါင်းခန်းပေါ်သို့ မုခ်ဦးပြုတ်ကျ၊ တစ်ဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် လေးထောင့်ကန်လမ်းပေါ်ရှိ ရွှေနားပန်ဘုန်းကြီးကျောင်းအဝင် မုခ်ဦးကျောက်ထုပ်အား ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ကျောက်သယ်ယာဉ်နှင့်ချိတ်မိရာ မုခ်ဦးအစုံလိုက်ကွန်ကရစ်ကျောက်ထုပ်သည် ကားခေါင်းခန်းအပေါ်သို့ ပိကျကာ ကားခေါင်းခန်းကြေမွပျက်စီးခဲ့ပြီး ကားခေါင်းခန်းတွင် ယာဉ်မောင်းနှင့် ယာဉ်အကူနှစ်ဦးတို့ ပိတ်မိလျက်ရှိရာ မီးသတ်ကယ်ဆယ်ရေးယာဉ်များ၊ ဝန်ချီစက်များနှင့် လူမှုရေးအဖွဲ့တို့က ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။

**ရှင်းလင်းရေးဆောင်ရွက်**

ကျောက်သယ်ယာဉ်ခေါင်းခန်းအတွင်း ပိမိနေသူ အမျိုးသား သုံးဦးတွင် တစ်ဦးသေဆုံးကာ ကျန်နှစ်ဦးအနက် တစ်ဦးမှာ စံပြဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ထားကာ တစ်ဦးမှာ ဒဏ်ရာမရရှိကြောင်းနှင့် လေးထောင့်ကန်လမ်းမကြီးလမ်းပိတ်ဆို့မှုအား တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲမင်းထွန်း( ပြန်/ဆက်)**

# ကလေးမြို့တွင် ဓားထောက်ခြိမ်းခြောက်ပြီး ပစ္စည်းလုယူသူများ ဖမ်းမိ

**ကလေး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဓားထောက်ခြိမ်းခြောက်ပြီး ဆိုင်ကယ်၊ ဖုန်း၊ ဆွဲကြိုး၊ နားကပ်နှင့် ပိုက်ဆံများလုယက်ခဲ့သူ ခြောက်ဦးကို စက်တင်ဘာ ၁၅ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ကလေးမြို့မရဲစခန်းမှ ရဲအုပ်ဗိုလ်ဗိုလ်အောင်က ပြောသည်။

ကျူးလွန်မှုများအနေဖြင့် ဩဂုတ်လအတွင်းကတစ်ကြိမ်၊ စက်တင်ဘာလအတွင်းက ငါးကြိမ် စုစုပေါင်းလုယက်မှု ခြောက်ကြိမ် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ လုယက်မှုဖြင့် ဖမ်းဆီးခံခဲ့ရသူများသည် ကလေးမြို့နယ် စလင်းတိုက်ရပ်ကွက်နေ ဇင်မင်းဦး၊ အောင်ဇေယျရပ်ကွက်နေ ရန်လင်းထွန်း၊ အရှေ့ခုံသာရွာသစ်နေ ညီညီမင်း၊ မန္တလေးမြို့နယ်မှ ဟိန်းမင်းဦး၊ ငထက်(ခ)အိုးကြီးနှင့် အောင်မြင့်ထွန်း(ခ) ကုလားတို့ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းမိခဲ့သူများကို ကလေးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၂) ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး (နေပြည်တော်)မှ တပ်ဖွဲ့ခွဲမှူး ယာယီဒုရဲမှူးကြီး လားလ်ဗဟာဒူး ဦးစီး၍ အမှတ်(၂)ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး (နေပြည်တော်)နှင့် အမှတ်(၉)တပ်ခွဲ၊ တပ်စု(၂)ပျဉ်းမနားမှ တပ်ဖွဲ့ဝင် ၂၁ ဦးတို့ စက်တင်ဘာ ၁၅ ရက်က ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက် ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကိုရဲ

# ကောလင်းနှင့် ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် ချဲထီလောင်းကစားပြုလုပ်သူများ ဖမ်းမိ

**ကောလင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့အတွင်းမှ တရားမဝင် ချဲထီလောင်းကစားပြုလုပ်သူများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် ဗန်းမောက်မြို့နယ် မံထုံရဲကင်းစခန်းမှူး ဒုရဲအုပ်ယဉ်ထွေး ဦးစီးသောအဖွဲ့သည် သတင်းအရ ဗန်းမောက်မြို့နယ် ညောင်ခြေထောက်ကျေးရွာ စာသင်ကျောင်းအနီး စောင့်ဆိုင်းနေစဉ် ဗန်းမောက်မြို့ မြနန္ဒာရပ်နေ တင်ကြွယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းထံမှ ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့်အတူ ချဲထီရောင်းချရငွေဟု ယူဆရသော ငွေကျပ် ၇၇၇၀၀ တို့ကို ရှာဖွေတွေ့ရှိသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက ကောလင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ခိုင်ဇော်ဝင်း ဦးစီးသောအဖွဲ့သည် ကောလင်းမြို့နယ် ဆင်းမကျေးရွာနေ စန္ဒာလင်း၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အတွင်းမှ တရားမဝင် ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများနှင့်အတူ ချဲထီရောင်းရငွေဟု ယူဆရသော ငွေကျပ် ၁၀၉၆၀၀ တို့ကို ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် စန္ဒာလင်းအား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အုတ်ဖိုမြို့၌ နေအိမ်ဖောက်ထွင်းခိုးယူသူများကို ဖမ်းဆီးရမိ

**အုတ်ဖို စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ နေအိမ်တစ်လုံးအား ဖောက်ထွင်းခိုးယူခဲ့ကြသည့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦးတို့ကို ဖမ်းဆီးရမိထားကြောင်း အုတ်ဖိုမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကိုကျော်ဇေယျ ကုန်သည်လမ်း မြို့မရပ်ကွက် အုတ်ဖိုမြို့နေသူသည် အုတ်ဖိုမြို့ မိုးညိုတန်းရပ် မိုးညိုတန်းလမ်းဘေးရှိနေအိမ်နှင့် ဂိုဒေါင်တွဲလျက်အား စက်တင်ဘာ ၁၁ ရက် ည ၇ နာရီခွဲခန့်က သော့ခတ်ကာ မြို့မရပ်ကွက် (၁) လမ်းရှိ နေအိမ်သို့ ပြန်ခဲ့ပြီးနောက် စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီတွင် မိုးညိုတန်းရှိ နေအိမ်ဂိုဒေါင်သို့ ပြန်သွားစဉ် နေအိမ်တံခါးမကြီး သော့လက်ကိုင်ဘုမှာ ပျက်စီးနေကြောင်း တွေ့ရသဖြင့် ခြံစောင့်ဖြစ်သူအားမေးရာ ပွဲရုံတွင် ယခင်က အလုပ်လုပ်ခဲ့ဖူးသူ မဟန်နီစိုးနှင့် အမည်မသိသုံးဦး အဆိုပါနေအိမ်သို့ ရောက်ရှိလာပြီး ခဏအကြာတွင် ပြန်ထွက်သွားကြောင်း ပြောပြသည်။

ယင်းနောက် ခြံစောင့်နှင့်အတူ နေအိမ်သို့ ဝင်ရောက်ကြည့်ရှုရာ နေအိမ်အောက်ထပ်တွင် ထားရှိသည့် ဗီရိုတံခါးမှာပွင့်နေပြီး ဗီရိုအံဆွဲအတွင်းမှ ငွေကျပ် ၁၀ သိန်းနှင့် ဖုန်းငါးလုံးတို့ ပျောက်ဆုံးနေ၍ အုတ်ဖိုမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ထို့နောက် အမှုကို စုံစမ်းဖော်ထုတ်ပြီး မဟန်နီစိုးနှင့် အမျိုးသားသုံးဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အုတ်ဖိုမြို့မရဲစခန်းက အမှုဖွင့်ထားပြီး တရားစွဲဆိုတင်ပို့နိုင်ရေး ဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

**ရွှေမြင့်ဦး (ရွှေပြည်သာ)**



စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားရေးနှင့် မှုခင်းကျဆင်းရေးအတွက် အလုံမြို့နယ်ရဲမှူး အောင်မြင့်ကြည်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်ဇင်ထိုက်တို့က အသိပညာပေးဟောပြောစဉ်။

တင်မောင်ဦး(အလုံ)

# ဘီလ်ကလင်တန် သို့မဟုတ် လူငယ်လေးတစ်ယောက်အကြောင်း

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)



သမ္မတကြီး ဂျင်မီကာတာနှင့် နှုတ်ဆက်စဉ်(၁၉၇၈ ခုနှစ်)။

"Reach high, for your stars lie
hidden in your soul.
Dream deep, for every dream
Precedes the goal.

***(Pamela Vaull Starr)***

**အမြင့်ဆုံးကိုပျံပါ၊ မင်းရဲ့နှလုံးဝိညာဉ်အိမ်မှာ ကြယ်ကလေးတွေရှိတယ်။**
**မင်းအိပ်မက်တွေကို နက်နက်နဲနဲတွေးပါ။ မင်းရဲ့အိပ်မက်တိုင်းက မင်းရဲ့ဆန္ဒတွေကိုဖော်ဆောင်ပေးလိမ့်မယ်။**

**(ပါမီလာဗောလ်စတား)**

၁၉၉၁ ခုနှစ်က အမေရိကန်ပြည်သူတွေဟာ အရင်နှစ်တွေကထက် ပိုပြီးစိတ်လုံခြုံမှုခံစားကြရပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့အချိန်ကစပြီး ခြောက်လှန့်နေခဲ့တဲ့ အဏုမြူစစ်ပွဲနဲ့ပတ်သက်တဲ့ သောကဖြစ်စရာတွေ ချုပ်ငြိမ်းသွားပြီ။ Persian Gulf War လို့ ခေါ်တဲ့ ပင်လယ်ကွေ့စစ်ပွဲကြီးမှာ အမေရိကန်နဲ့ မဟာမိတ်တပ်ဖွဲ့များ အနိုင်ရခဲ့ပြီ။ စစ်ပွဲအပြီး လေးရက်အကြာမှာ ကူဝိတ်နိုင်ငံကို မတရားဝင်ရောက်သိမ်းပိုက်ခဲ့တဲ့ အီရတ်တပ်ဖွဲ့တွေ လုံးဝမရှိကြတော့ဘူး။ ထွက်သွားကြရပြီ။ ဒီအချိန်မှာ အမေရိကန်နိုင်ငံရဲ့ရီပတ်ဘလီကင် သမ္မတကြီးဖြစ်တဲ့ ဂျော့ချ်ဘွတ်ရှ်ကို လူကြိုက်အတော်များလာခဲ့ပါတယ်။ ဒီအတိုင်းဆို ၁၉၉၂ ခုနှစ် သမ္မတရွေးကောက်ပွဲမှာလည်း ထပ်မံအရွေးခံရနိုင်ဖွယ်ရှိတယ်လို့ နိုင်ငံရေးလေ့လာသူအများစုက ခန့်မှန်းကြပါတယ်။ သို့သော် နိုင်ငံရဲ့စီးပွားရေးကကျလာတယ်။ လူအများစုအလုပ်လက်မဲ့ဖြစ်လာပါတယ်။ ၁၉၈၄ ခုနှစ်နောက်ပိုင်း အလုပ်လက်မဲ့နှုန်းအများဆုံးဖြစ်ပါတယ်။ Recession levels စီးပွားရေးကပ်ဆိုက်တယ်ပဲ ပြောရမလား။ စီးပွားရေးတုံ့နှေးသွားလွန်းလာတယ်။ ဗဟိုဖက်ဒရယ်အစိုးရမှာ လိုငွေများပြလာခဲ့ပါတယ်။ ဒါကြောင့် ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီက သူတို့ပါတီက သမ္မတတစ်ယောက်အရွေးခံနိုင်ဖို့ အခွင့်ကောင်းပဲလို့ ယူဆကြတယ်။ ၁၉၉၂ ခုနှစ်မှာ ဒီမိုကရက်တစ်ပါတီက အာကင်ဆောပြည်နယ်အုပ်ချုပ်ရေးမှူး ဝီလီယံဂျက်ဖာဆန် ကလင်တန်ကို သမ္မတလောင်းအဖြစ် ရွေးချယ်လိုက်ကြပါတယ်။

**အသိအမှတ်ပြုခံရသူ**

တကယ်လည်း ၁၉၉၂ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ကလင်တန် အနိုင်ရခဲ့ပါတယ်။ မစ္စတာကလင်တန်ကို ၁၉၄၆ ခုနှစ် ဩဂုတ် ၁၉ ရက်က အာကင်ဆောပြည်နယ် Hope မြို့မှာ မွေးဖွားခဲ့ပါတယ်။ ဖခင်က William Jefferson Blythe၊ မိခင်က Virginia Blythe တို့ ဖြစ်ကြပါတယ်။ ဖခင်ဖြစ်သူက နယ်လှည့်ဈေးရောင်းသူဖြစ်ပြီး ကလင်တန်လေးကို မမွေးမီ သုံးလအလိုမှာ ယာဉ်တိုက်မှုတစ်ခုကြောင့် ကွယ်လွန်ခဲ့ပါတယ်။ သူ နှစ်နှစ်သားမှာ အဘိုးအဘွားများနဲ့ နေရပြီး မိခင် Virginia က သူနာပြုသင်တန်းတက်ခဲ့ပါတယ်။ ကလင်တန်လေးနှစ်သားအရွယ်မှာ Virginia က Roger Clilton ဆိုသူနဲ့ လက်ထပ်ခဲ့ပါတယ်။ သူ့ရဲ့ဖခင်ဟာ အရက်တော်တော်သောက်သူ၊ သွေးဆိုးတတ်သူဖြစ်လို့ ကလင်တန်လေး အိမ်မှာနေရတာမပျော်ပိုက်ပါဘူး။ ဒါပေမယ့် ကျောင်းမှာ စာကြိုးစားတယ်။ စာတော်သူထူးချွန်သူအဖြစ် အသိအမှတ်ပြုခံရသူဖြစ်တယ်။

ငယ်စဉ်ကတည်းက နိုင်ငံရေးကို စိတ်ဝင်စားတယ်။ သူ ၁၇ နှစ်သားအရွယ် ၁၉၆၃ ခုနှစ် ဇွန် ၆ ရက်က သမ္မတအိမ်တော်ကို အလည်ရောက်ခဲ့ဖူးတယ်။ နိုင်ငံသားကောင်း လေ့ကျင့်သင်ကြားရေးအစီအစဉ်တစ်ခုရဲ့ ကိုယ်စားလှယ်အဖြစ် ရောက်ခဲ့ပြီး သမ္မတကြီး ကနေဒီနဲ့ လက်ဆွဲနှုတ်ဆက်ခဲ့ရတယ်။ တစ်ခါ ၁၉၇၈ ခုနှစ် အသက် ၃၂ နှစ်အရွယ်ရောက်တော့လည်း သမ္မတကြီးဂျင်မီကာတာနဲ့ တွေ့ဆုံခွင့်ရပြီး လက်ဆွဲနှုတ်ဆက်ခဲ့ရဖူးပါတယ်။ ဒီလိုနိုင်ငံရဲ့ အကြီးအကဲပုဂ္ဂိုလ်ကြီးနှစ်ဦးနဲ့ တွေ့ဆုံလက်ဆွဲနှုတ်ဆက်ခွင့်ရပြီးချိန်တွေကစပြီး သူ့ရဲ့အတွေးတွေ၊ အိပ်မက်တွေထဲမှာ ဒီလိုခေါင်းဆောင်ကြီးတွေရဲ့ ပုံရိပ်တွေလွှမ်းမိုးနေခဲ့တယ်လို့ ဆိုပါတယ်။ တစ်နေ့ ဒီလိုခေါင်းဆောင်ကြီးတွေလို ဖြစ်အောင်ကြိုးစားချင်တယ်၊ ဖြစ်ရင်ကောင်းမယ်၊ ကြိုးစားမယ်ဆိုတဲ့ သန္နိဋ္ဌာန်လည်း ချထားခဲ့တယ်။

**ဆန်ခါတင်ရွေးချယ်**

အမေရိကန်လိုနိုင်ငံကြီးတစ်နိုင်ငံရဲ့ ထိပ်ဆုံးနေရာဖြစ်တဲ့ သမ္မတကြီးဖြစ်ဖို့ဆိုတာ မလွယ်တကာ့မလွယ်ဆုံး။ အင်မတန်ခက်ခဲပြီး ဘယ်သူမျှ စိတ်ကူးကြမယ်မဟုတ်ပါဘူး။ ခေါင်းဆောင်နေရာရောက်တိုင်း ရာဇပလ္လင်ပေါ်ထိုင်ခွင့်ရကြတာလည်း မဟုတ်ပါဘူး။ ခေါင်းဆောင်အရည်အချင်းမမီပေမယ့်လည်း ကံအကြောင်းတရားကောင်းရင် ရာဇပလ္လင်ပေါ် ထိုင်ခွင့်ရတတ်ကြပါတယ်။ အမေရိကန်နိုင်ငံသမ္မတနေရာဆိုတာ အတော်ဆုံးထဲက အတော်ဆုံး၊ အကောင်းဆုံးတွေထဲက အကောင်းဆုံးပုဂ္ဂိုလ်တွေဟာ အမျိုးမျိုးသော အခက်အခဲ အတားအဆီးတွေကို ကျော်ဖြတ်ရတယ်။ မိမိရဲ့ အရည်အချင်းကို အမှန်အတိုင်းပြရတယ်။ အကောင်းဆုံးကြိုးစားပြရတယ်။ ကိုယ့်ရဲ့သမိုင်း ကောင်း၊ မကောင်းကို ပြည်သူတွေက အဆုံးအဖြတ်ပေးကြရတာလည်းဖြစ်တယ်။ ဘယ်လောက်ပဲ မိမိကိုယ်ကို ညွှန်းနေပါစေ မဲဆန္ဒရှင်တွေသာ ဆုံးဖြတ်ကြတာ၊ ရွေးချယ်ကြတာ၊ ရင့်ကျက်ပြီးတဲ့ ဒီမိုကရေစီနိုင်ငံမို့ ပြည်သူတွေရဲ့အထပ်ထပ်အခါခါသော စစ်ဆေးမှုများကို ခံရတာဖြစ်ပါတယ်။ ပြည်သူအများနှစ်သက်မှ နောက်ဆုံးဆန်ခါတင် အရွေးခံရခြင်းဖြစ်ပါတယ်။

**အနာဂတ်မျိုးဆက် ပေါ်ထွန်းလာရေး**

သို့သော် ကလင်တန်ဆိုတဲ့ ကောင်လေးတစ်ယောက်ကတော့ သမ္မတကြီးနှစ်ယောက်နဲ့ တွေ့ဆုံစကားပြောခွင့်ရခဲ့ရုံမက လက်ချင်းပါ ထိတွေ့နှုတ်ဆက်ခြင်းခံခဲ့ရတာမို့ ဒီခံစားရမှုများဟာ သူ့ရင်ထဲ အနက်ရှိုင်းဆုံးနေရာများအထိ ဖြန့်ကြက်နေရာယူခဲ့တယ်။ သမ္မတကြီးတွေနဲ့ထိတွေ့ခဲ့ရတဲ့ သူ့ရဲ့လက်ဖဝါးလေးတွေကို သူအမြဲကြည့်နေတတ်ပြီး သိပ်ကျေနပ်နေခဲ့တယ်။ သူ့ရဲ့ဘဝကို အမြင့်ဆုံးနေရာတစ်ခုအထိ မျှော်မှန်းထားခဲ့တယ်။ သူ့ရဲ့အတွေးက အဲဒီလိုမဖြစ်နိုင်လောက်ဖူးလို့ထင်ရတဲ့ မျှော်မှန်းထားမှုဖြစ်ပေမယ့် သူ့မှာ အဲဒီလိုနေရာမျိုးရောက်အောင် အကောင်းဆုံးကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်။ သူလိုကိုယ်လို အရည်အချင်းအနေအထားမျိုးလောက်နဲ့တော့ အံမဝင်နိုင်တာမို့ အများထက်ထူးချွန်အောင် ကြိုးစားရမယ်ဆိုတာ သူသိထားခဲ့ပါတယ်။ သမ္မတကြီးတွေနဲ့တွေ့ဆုံခဲ့ရမှုဟာ ကလင်တန်ကို ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်အောင် တွန်းအားတွေပေးလိုက်တာဖြစ်သလို သမ္မတကြီးများကိုယ်တိုင်ကလည်း ကလင်တန်ကို လူငယ်လေးတစ်ယောက်ပေမယ့် လေးစားတယ်ဆိုတဲ့သဘော ပြလိုက်ကြတာဖြစ်ပါတယ်။ လူငယ်များက လူကြီးများကို လေးစားသလို လူကြီးများကလည်း လူငယ်များကို လေးစားခြင်းဆိုတဲ့ အပြန်အလှန်ချစ်ခင်လေးစားမှုပြသနိုင်ခြင်းဟာ အနာဂတ်မျိုးဆက်လေးများ ပေါ်ထွန်းလာရေးအတွက် များစွာအထောက်အကူဖြစ်စေပါတယ်။

**အလွယ်တကူအနိုင်ရခဲ့**

ကလင်တန်ဟာ ဝါရှင်တန်ဒီစီမှာရှိတဲ့ Georgetown University ကနေ ၁၉၆၈ ခုနှစ်မှာ ဘွဲ့ရခဲ့ပါတယ်။ ထူးချွန်မှုကြောင့် Rhodes Scholarship ပညာသင်ဆုနဲ့ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့တက္ကသိုလ်မှာ နှစ်နှစ်ပညာဆက်သင်ပြီး Yale University Law School, New Haven မှာ ဥပဒေပညာများ ဆက်လက်သင်ကြားခဲ့ပါတယ်။ အဲဒီမှာ ဥပဒေနဲ့ နိုင်ငံရေးပညာများကိုစိတ်ဝင်စားတဲ့ ဥပဒေကျောင်းသူ Hillary Rodham နဲ့ တွေ့ဆုံခဲ့ပြီး ၁၉၇၅ ခုနှစ်မှာ လက်ထပ်ခဲ့ကြပါတယ်။ ၁၉၈၀ ပြည့်နှစ်မှာတော့ သမီးလေး Chelsea ကို မွေးဖွားခဲ့ပါတယ်။ တက္ကသိုလ်ပညာများ အောင်မြင်ပြီးတဲ့အခါ အာကင်ဆောပြည်နယ် ဒီမိုကရက်တစ်ပါတီကိုဝင်ပြီး နိုင်ငံရေးလောကထဲ ဝင်ရောက်ခဲ့ပါတယ်။ ပထမပိုင်းမှာ ကွန်ဂရက်နေရာအတွက် မဲအနည်းငယ်နဲ့ကပ်ရှုံးခဲ့ပေမယ့် ပြည်နယ်ရဲ့ Attorney General ရှေ့နေချုပ် အဖြစ်ရွေးချယ်ခံရပါတယ်။ ၁၉၇၈ ခုနှစ်မှာ အာကင်ဆောပြည်နယ်အုပ်ချုပ်ရေးမှူး (Governor)အတွက် ဒီမိုကရက် တစ်ပါတီကိုယ်စားပြုယှဉ်ပြိုင်ခဲ့ရာ အလွယ်တကူအနိုင်ရခဲ့ပါတယ်။

**သက်တမ်းနှစ်ဆက် ဆက်တိုက် ထမ်းဆောင်ခွင့်ရ**

သူဟာ အဲဒီနေရာအတွက် အသက်အငယ်ဆုံး ရွေးချယ်ခံရသူအဖြစ် မှတ်တမ်းတင်ခံခဲ့ရပါတယ်။ ၁၉၈၀ ပြည့်နှစ်ရွေးချယ်မှုမှာ ရှုံးနိမ့်ခဲ့ပေမယ့် နောက်နှစ်နှစ်အကြာမှာ ထပ်မံရွေးချယ်ခံရပြီး ၁၉၉၂ ခုနှစ်အထိ အာကင်ဆောပြည်နယ်ရဲ့အုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ပြည်နယ်ရဲ့ ပညာရေးအခြေအနေတိုးတက်အောင်လုပ်နိုင်ခဲ့တဲ့အတွက် အသိအမှတ်ပြုကြပါတယ်။ ဘွဲ့ရပညာတတ်တွေ များလာတယ်။ Head Start Programs ခေါ် ပညာမသင်နိုင်သူတွေ စာသင်ခန်းထဲရောက်အောင်လုပ်တဲ့ အစီအစဉ်တွေ ကောင်းလာတယ်။ ဆရာတွေကို အရည်အချင်းစစ်ဆေးတာတွေလုပ်ပြီး လစာတွေလည်း တိုးပေးခဲ့တယ်။ ပညာရေးနဲ့အတူ ကျန်းမာရေးဟာအခြေခံအကျဆုံးအချက်ဖြစ်တယ်ဆိုတာကို ကောင်းစွာနားလည်ထားသူမို့ ကျန်းမာရေးလုပ်ငန်းများကိုလည်း မြှင့်တင်ပေးခဲ့တယ်။ ကျောင်းများ၊ တက္ကသိုလ်များမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာနများ ဖွင့်လှစ်ပေးခဲ့တယ်။ ဆိုရရင် ကလင်တန်ဟာ ထူးချွန်ထက်မြက်သူဖြစ်ကြောင်း လက်တွေ့လုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ၁၉၉၂ ခုနှစ်အတွက် ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရပါတယ်။ ရွေးကောက်ပွဲမှာ ဘီလ်ကလင်တန်နဲ့ ဒုသမ္မတလောင်း အယ်လ်ဂိုးတို့က မဲပေါင်း ၄၅ သန်း၊ ပြိုင်ဘက် လက်ရှိသမ္မတ ဘွတ်ရှ်နဲ့ ကွေးလ်တို့က ၃၉ သန်းသာရပြီး ဘီလ်ကလင်တန်ဟာ အမေရိကန်နိုင်ငံရဲ့ ၄၂ ဦးမြောက် သမ္မတဖြစ်လာပါတော့တယ်။ အသက် ၄၆ နှစ်အရွယ် အမေရိကန်နိုင်ငံရဲ့ တတိယမြောက် အသက်အငယ်ဆုံး သမ္မတကြီးဖြစ်လာပါတယ်။ သူဟာ သမ္မတသက်တမ်း နှစ်ဆက် ဆက်တိုက် ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။

သမ္မတ ကလင်တန်ရဲ့လက်ထက်မှာ Presidential Medal of Freedom ခေါ် အရပ်သားများကို ချီးမြှင့်တဲ့ အမြင့်ဆုံးဆုရရှိခဲ့ပါတယ်။

**လူငယ်များ အတုယူစရာ**

"လူငယ်လေးတစ်ဦးဟာ တယ်လီဖုန်းလေးဖြစ်ဖို့ ကွယ် ကြိုးစားသွားခဲ့သူကို လေးစားမိပါတယ်" ဆိုတဲ့ သီချင်းလေးကြားယောင်မိပါတယ်။ ဘီလ်ကလင်တန်ဆိုတဲ့ လူငယ်လေးတစ်ယောက်ဟာ တစ်နေ့ကျရင် တိုင်းပြည်ရဲ့ ခေါင်းဆောင်သမ္မတကြီးဖြစ်ရမယ်ဆိုတဲ့စိတ်နဲ့ ကြိုးစားခဲ့တာ တွေ့နိုင်ပါတယ်။ သမ္မတကြီးနှစ်ဦးနဲ့တွေ့ဆုံခဲ့ရာက ဝတ်မှုန်ကူးခဲ့တယ်ပဲဆိုရမလား၊ ခေါင်းဆောင်ကောင်း ဖြစ်မြောက်ရေးဆိုတဲ့အတွေးနဲ့ မိမိကိုယ်ကိုအလေးထား စောင့်ရှောက်ခဲ့တယ်။ တိုးတက်အောင်ကြိုးစားခဲ့တယ်။ မိမိရဲ့ပစ်မှတ်ကို မပျက်မယွင်းစေ၊ မျက်ခြည်မပြတ်စေဘဲ အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ သူ့ရဲ့ အဲဒီပစ်မှတ်ကြောင့် သူမျှော်မှန်းထားတဲ့ သမ္မတကြီးဖြစ်လာခဲ့တယ်။ ဒါဟာ လူငယ်များ အတုယူစရာလို့ ဆိုချင်ပါတယ်။

မိမိဖြစ်လိုရာ၊ ရောက်လိုရာနေရာကို မမိုတ်မသုန် ကြိုးစားကြစေချင်ပါတယ်။ အမြင့်ဆုံးတွေးပါ။ အကောင်းဆုံးလုပ်ပါ။ တစ်နေ့မိမိရဲ့ပန်းတိုင်ရောက်ရမှာမလွဲပါ။ လူငယ်လေးတွေကြိုးစားကြပါ။ အမြင့်ဆုံးပျံနိုင်ရမယ်လို့ စိတ်ထဲမှာတွေးထားလိုက်ပါ။

"A youth is to be regarded with respect". ***Confucius***

လူငယ်တွေကို လေးစားစွာပျိုးထောင်ပါ။

Young people are without doubt the hopes for a better future.

လူငယ်တွေဟာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးနိုင်မယ့်သူတွေဆိုတာ သံသယဖြစ်စရာမရှိပါဘူးလို့ဆိုထားတဲ့ ကွန်ဖျူးရှပ်စ်ရဲ့အဆိုဖြစ်ပါတယ်။ လူငယ်တွေကို ပြုစုပျိုးထောင်ရမှာဖြစ်သလို ကာကွယ်ပေးရမှာလည်း ဖြစ်ပါတယ်။

"Europe represents the past, American represents the present, Asia represents the future."

***Prof. Kishore Mahbuabni***

(Dean of the Lee Kuan Yew School of Public Policy at National University of Singapore and Top Global Thinker)

"ဥရောပက အတိတ်ကို ကိုယ်စားပြုခဲ့တယ်။ အမေရိကန်တွေက ပစ္စုပ္ပန်ကို ကိုယ်စားပြုနေတယ်။ အာရှတိုက်သားတွေကတော့ အနာဂတ်ကို ကိုယ်စားပြုလိမ့်မယ်။"

**ပါမောက္ခ ကီရှိုး စင်ကာပူအမျိုးသားတက္ကသိုလ်**

**စာမျက်နှာ ၁၆ သို့❖**

# မဲခေါင်-လန်ချန်း စီမံကိန်း မိတ်ဆက်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် Mekong-Lancang Cooperation တို့ပူးပေါင်းကျင်းပသည့် မဲခေါင်-လန်ချန်း စီမံကိန်း မိတ်ဆက်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Mercure Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းလဲ့က မဲခေါင်-လန်ချန်း စီမံကိန်း၏ အဓိကထား ဆောင်ရွက်မည့် ထုတ်ကုန်ပစ္စည်းနှင့် ထုတ်လုပ်သည့်ဒေသများ ရွေးချယ်ထားမှုအပေါ် ဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြပြီး မဲခေါင်-လန်ချန်းစီမံကိန်း အကောင်အထည်ဖော်မည့် SMEs Products များကို အတည်ပြုသတ်မှတ်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဒုတိယအသုတ် (၂၀၁၈) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိရာတွင် စီမံကိန်း ၂၃ ခုကို အဆိုပြုခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာနက စီမံကိန်း ၁၂ ခု ရွေးချယ်ခံရပြီး မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား ငါးပုစွန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများက မိရိုးဖလာနည်းဖြင့် ထုတ်လုပ်သည့် ရေထွက်ပစ္စည်းများ၊ အစားအစာအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ရေးဆိုင်ရာ စီမံကိန်းအတွက် ထောက်ပံ့ကြေးငွေ ရရှိခဲ့ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း စီမံကိန်းကာလမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိဖြစ်ပြီး ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး လေးခုတို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းဒေသကြီး တစ်ခုစီတွင် ထုတ်ကုန်အမျိုးအစား ခြောက်မျိုးကို အဓိကသတ်မှတ်ထားပြီး အရည်အသွေးကောင်းမွန်မှုနှင့် ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ စနစ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




**သတင်း၊ဓာတ်ပုံ- ဇော်မင်းလတ်(MNA)**




## စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာပေးရေးနှင့် ညီမျှသော ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၆**

Malaysian Palm Oil Council (MPOC)Chairman, DATO'Lee Yeow Chor နှင့် CEO Datuk Dr. Kalyana Sundram တို့၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၃ ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သော Malaysia -Vietnam Palm Oil Trade fair & Seminar သို့တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲတွင် ညီမျှသော ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အသိပညာများ၊ ဆီများ၏ အာဟာရ၊ ကျန်းမာရေးနှင့် ပတ်သက်သော စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာပေးရေးတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ အပြီးတွင် မလေးရှားနိုင်ငံ စက်မှုလုပ်ငန်းများဝန်ကြီး Teresa Kok နှင့် အသင်းဥက္ကဋ္ဌ ဦးမြင့်ကြူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်းမှ ကျေးရွာငါးရွာနှင့် စာသင်ကျောင်း ငါးကျောင်းကို အမှိုက်ကင်းစင်စံပြဆုချီးမြှင့်

**မကွေး စက်တင်ဘာ ၁၆**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၏ ပင်မလုပ်ငန်းစဉ်တွင် ပါဝင်သည့် Action Plan (၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃) စီမံကိန်းအရ မကွေးတိုင်းဒေသကြီး အတွင်းမှ ကျေးရွာငါးရွာနှင့် အခြေခံပညာ စာသင်ကျောင်း ငါးကျောင်းတို့ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှိုက်ကင်းစင် စံပြဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုများကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ နန်းထိုက်သူ ဟိုတယ်၌ ပြုလုပ်သည့် ၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ကူးဉာဏ်ဖြင့် ဆောင်ရွက်ခြင်းတို့အပြင် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ကျောင်းအတွင်း၊ အပြင် နေ့စဉ် သန့်ရှင်းရေး ဆောင်ရွက်မှု စသည့်အချက်များအပေါ် အမှတ်ပေးရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

"အမှတ်ပေး စည်းမျဉ်းတွေနဲ့အညီ ဒီဆုတွေကိုရွေးချယ်ခဲ့တာပါ။ နောင်နှစ်တွေမှာလည်း အမှိုက်ကင်းစင်ကျေးရွာ၊ အမှိုက်ကင်းစင်ကျောင်းတွေကို ရွေးချယ်ပြီး ဆုတွေချီးမြှင့်ပေးသွားမှာပါ"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းကိုကိုက ပြော သည်။



အမှိုက်ကင်းစင်ကျေးရွာ ပြိုင်ပွဲတွင် ပထမဆုကို ဂန့်ဂေါမြို့နယ် ဇဟောကျေးရွာ၊ ဒုတိယဆုကို ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လုကျေးရွာ၊ တတိယဆုကို ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာ၊ စတုတ္ထဆုကို မြို့သစ်မြို့နယ် ဆားတဲကျေးရွာနှင့် ပဉ္စမဆုကို ငဖဲမြို့နယ် ပင်ဦးကျေးရွာတို့က ရရှိခဲ့ကြောင်း၊ အမှိုက်ကင်းစင်ကျောင်းပြိုင်ပွဲတွင် ပထမဆုကို ဂန့်ဂေါမြို့နယ်နှင့် အထက (မင်းရွာ) ကျောင်း၊ ဒုတိယဆုကို ဆိပ်ဖြူမြို့နယ် အထက (ငွေးပင်ကျောင်း)၊ တတိယဆုကို ငဖဲမြို့နယ် အထက (ပန်းတိမ် ) ကျောင်း၊ စတုတ္ထဆုကို မြို့သစ်မြို့နယ် အထက (ချောက်ကြားကျောင်း)နှင့် ပဉ္စမဆုကို ဆင်ပေါင်ဝဲမြို့နယ် အမက (ရွာသစ်ကျေးရွာ)တို့က ရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် အိုဇုန်းလွှာ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ပညာပေး ဗီဒီယိုပြသခြင်းများ လုပ်ဆောင်ခဲ့ပြီး အထိမ်းအမှတ်ဆိုင်ရာ စာစီစာကုံး၊ ကာတွန်း၊ ပန်းချီနှင့်ဆောင်းပါး ဆုရသူများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

❖ **စာမျက်နှာ ၁၅ မှ**

အနာဂတ်မှာ တိုင်းပြည်ရဲ့အခန်းကဏ္ဍအားလုံးမှာ လူငယ်များရဲ့ ဦးဆောင်မှုစွမ်းရည် မြင့်တက်နိုင်ရေး အတွက် လိုအပ်သောအရည်အသွေးပြည့်မီတဲ့ ပညာသင်ယူရေးအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန် စတဲ့ ရည်ရွယ်ချက်များနဲ့ "မြန်မာနိုင်ငံလူငယ်မူဝါဒရေးရာ မူဝါဒမိတ်ဆက်ဖြန့်ချိခြင်း" အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ လူငယ်များတိုးတက်ဖွံ့ဖြိုးစေရေး ဆောင်ရွက်ရတာဟာ နိုင်ငံရဲ့အနာဂတ်ကို တည်ဆောက်ခြင်းသာဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၌ လူဦးရေ ၅၁ ဒသမ ၄ သန်းရှိပြီး ၎င်းတို့အနက် လူငယ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် အကျုံးဝင်နိုင်သော အသက်အပိုင်းအခြားအလိုက် လူဦးရေအချိုးအစားမှာ အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ အသက် ၂၀ မှ ၂၄ နှစ်အထိ ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ အသက် ၂၅ နှစ်မှ ၂၉ နှစ်အထိ ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ အသက် ၃၀ မှ ၃၄ နှစ်အထိ ၇ ဒသမ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံလူဦးရေရဲ့ ၃၅ ဒသမ ၅၈ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား တစ်နိုင်ငံလုံးလူဦးရေရဲ့ သုံးပုံတစ်ပုံကျော်တယ်လို့ ဆိုနိုင်ကြောင်း၊ ပညာရေး၊ စီးပွားရေးတို့အတွက် ကောင်းတဲ့ လက္ခဏာဖြစ်ကြောင်းလည်း သိရပါတယ်။

**ကျောင်းအပ်နှံမှုနှုန်း မြင့်မားလာ**

UNDP နဲ့ အခြားနိုင်ငံတကာ အေဂျင်စီများ ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့ Myanmar Living Conditions Survey 2017 ဆန်းစစ်လေ့လာချက်မှာ မြန်မာနိုင်ငံရဲ့ စာတတ်မြောက်မှုနှုန်းမှာ မျိုးဆက်များ အားလုံးတွင် မြင့်မားလာခဲ့ကြောင်း၊ စာတတ်မြောက်မှုမှာ နိုင်ငံတော်အဆင့်တွင် ကျား၊ မခွဲခြားမှုမရှိတော့ဘဲ ကျောင်းနေအရွယ်ကလေးများရဲ့ ကျောင်းအပ်နှံမှုနှုန်းမှာလည်း တဖြည်းဖြည်းမြင့်မားလာခဲ့ကြောင်း စသည်ဖြင့်တွေ့ရှိရပါတယ်။ နိုင်ငံရဲ့အနာဂတ်အတွက် အထူးအားထားရမယ့် လူငယ်မျိုးဆက်များ potential စွမ်းအားပြည့်ဝတဲ့ လူငယ်များရှိနေတာကို တွေ့နိုင်ပါတယ်။ လူငယ်များဟာ နိုင်ငံရဲ့အဖိုးတန်တဲ့ ကျောက်မျက်ရတနာကောင်းလေးတွေ ဖြစ်ကြပါတယ်။ သူတို့လေးတွေကို မြှင့်တင်ပေးကြရပါမယ်။ နိုင်ငံတော်ကြီးကို ပြုပြင်တည်ဆောက်ရာမှာ အထူးအားထားရမယ့် လူသားအရင်းအမြစ်များ ဖြစ်ကြပါတယ်။

အခုဖော်ပြခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ၄၂ ဦးမြောက် သမ္မတကြီး ဘီလ်ကလင်တန်အကြောင်းကို အကြောင်းပြုလို့ လူငယ်များ မှန်ကန်တဲ့လမ်းကြောင်းအတိုင်း တိုးတက်တဲ့ နိုင်ငံသားကောင်းများ ဖြစ်လာစေလိုပါတယ်။

**ပြုစုပျိုးထောင်ပေး**

အဓိပတိပစ္စည်းဆိုပြီး ပဋ္ဌာန်းဒေသနာမှာ ဆိုထားပါတယ်။ အဓိပတိပစ္စည်း (Predominance Condition) ဆိုတာ အရာအားလုံးအပေါ်မှာ ကြီးကဲလွှမ်းမိုး အစိုးရအကျိုးပြုတာဖြစ်ပါတယ်။ ဆန္ဒာဓိပတိ (Predominant Desire) ပြင်းပြသောဆန္ဒဖြင့် အားထုတ်ခြင်း၊ ဝီရိယာဓိပတိ (Predominant Effort) သာမန် အားစိုက်ထုတ်တာမဟုတ်ဘဲ ဘယ်အခက်အခဲပဲရှိရှိ မိမိရည်မှန်းချက်ပြည့်မြောက်ဖို့ ကြိုးစားအားထုတ်ခြင်း၊ စိတ္တာဓိပတိ (Predominant Consciousness) ပြင်းပြသော စိတ်အားထက်သန်မှုဖြင့် ကြိုးစားခြင်း၊ ဝီမံသာဓိပတိ (Investigating Wisdom) ခွဲခြားချင့်ချိန်နိုင်တဲ့ ပညာဉာဏ်တို့ဖြင့် ကြိုးစားဆောင်ရွက်ခြင်းစသည်တို့နဲ့သာ ကြိုးစားကြရင် မိမိတို့ရဲ့ဆန္ဒများပြည့်ဝမှာဖြစ်ပါတယ်။ လူငယ်လေးတွေမှာ ကြီးမားတဲ့အနာဂတ်တွေရှိပါတယ်။ အချိန်တွေလည်းများစွာ ကျန်နေ၊ ပိုင်ဆိုင်နေပါတယ်။ မိမိတို့ဘဝများကို အကောင်းဆုံးအခြေအနေရောက်အောင်ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။ မြန်မာနိုင်ငံတော်ကြီး တိုးတက်အေးချမ်းသာယာလာစေဖို့ အရည်အချင်းကောင်းတဲ့ လူငယ်လေးများကို ပြုစုပျိုးထောင်ပေးကြပါစို့ ခင်ဗျာ။ ။

**ကျမ်းကိုး**

- American mosaic magazine, October,2016.

❐



## အိုဇုန်းလွှာပျက်စီးမှုကြောင့် ဂေဟစနစ်နှင့် ရုပ်ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးမှုဖြစ်ပေါ်

**မော်လမြိုင် စက်တင်ဘာ ၁၆**

၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အိုဇုန်းလွှာပျက်စီးမှုကြောင့် လူသားတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်သည့် အရေပြားကင်ဆာရောဂါ၊ မျက်စိတိမ်စွဲမှု၊ ခုခံအားကျဆင်းမှုများနှင့် သီးနှံအထွက်ကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းများယိုယွင်းပျက်စီးမှု ဖြစ်ပေါ်စေကြောင်း၊ အိုဇုန်းလွှာကိုပျက်စီးစေသော ဒြပ်ပစ္စည်းများကိုအသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ခြင်းနှင့် ဆက်စပ်ပစ္စည်းများအား လျှော့ချခြင်းဖြင့် နောင်လာနောက်သားများအတွက် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းအား အထောက်အပံ့ပေးနိုင်ရုံသာမက ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် သိသာထင်ရှားသော ကမ္ဘာ့တွန်းအားပေးမှုများလည်း ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲလာမှုအန္တရာယ်များမှ အိုဇုန်းလွှာက ကာကွယ်ပေးထား

**လှိုင်ကော် စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကမ္ဘာပေါ်တွင်ရှိသော သက်ရှိအားလုံးအတွက် မရှိမဖြစ်အရေးအကြီးဆုံး အိုဇုန်းလွှာသည် အအေးပေးစက်ပစ္စည်းများတွင် အသုံးပြုသော ဓာတုပစ္စည်းကြောင့် ပျက်စီးကြောင်းကို ၁၉၇၄ ခုနှစ်က စတင်လေ့လာတွေ့ရှိခဲ့ပါကြောင်း၊ အိုဇုန်းလွှာဆိုသည်မှာ ကမ္ဘာ့လေထုလွှာအထက်မှ နေရောင်ခြည်ထဲတွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူကာကွယ်ပေးနေခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲလာမှု အန္တရာယ်များမှ အိုဇုန်းလွှာက ကာကွယ်ပေးထားပါကြောင်း၊ ကမ္ဘာ့အိုဇုန်းလွှာနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် သစ်ပင်စိုက်ပျိုးပေးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းကာကွယ်ပေးကြ၍ အိုဇုန်းလွှာပျက်စီးမှုကိုဖြစ်စေသည့် ဓာတုဗေဒပါဝင်သော အအေးပေးစက်ပစ္စည်းအသုံးပြုမှုများကို လျှော့ချ၍ ထိန်းသိမ်းကာကွယ်ပေးကြရန် ပြောသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့မှ ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ခဲ့ကြပြီး တက်ရောက်လာသူများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လှိုင်ကော်သား**





## အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများလျှော့ချရပ်ဆိုင်းရေး လုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်

**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်တို့ပူးပေါင်းပြီး ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် သုံးစွဲမှုလျှော့ချရေးစီမံခန့်ခွဲမှုလုပ်ငန်းစီမံကိန်းကို ၂၀၁၃ ခုနှစ်ကစပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးဆိုင်ရာ လက်ရှိနဲ့အနာဂတ်လုပ်ငန်းအစီအစဉ်များတွင် ကမ္ဘာ့နိုင်ငံများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်နေကြသည့်လုပ်ငန်းရှင်များ ပြည်သူတွေအနေနှင့်လည်း ပစ္စုပ္ပန်နဲ့ အနာဂတ်မျိုးဆက်တွေအတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းတွေ ကင်းဝေးစေဖို့နှင့် ကမ္ဘာကြီးပူနွေးမှုဖြစ်နိုင်ခြေ (GlobalWarming Potential) လျှော့ချနိုင်စေဖို့ နိုင်ငံတော်ကဆောင်ရွက်နေတဲ့ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများသုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး လုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## အိုဇုန်းလွှာကို မထိခိုက်စေသောပစ္စည်းများ အစားထိုးသုံးစွဲခြင်းနှင့် ကမ္ဘာ့အပူချိန် လျော့ကျစေရန် ပူးပေါင်းပါဝင်

**တောင်ကြီး စက်တင်ဘာ ၁၆**

၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အိုဇုန်းလွှာပျက်စီးစေသည့် ပစ္စည်းများအသုံးပြုမှု ရပ်တန့်ခြင်းနှင့် ဖျက်သိမ်းခြင်း၊ ထုတ်လုပ်မှုနှင့် သုံးစွဲနေမှုများ ထိန်းချုပ်ရေးနည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ထုတ်လုပ်အသုံးပြုမှုနှင့် ပတ်သက်သည့် အချက်အလက်များကို နှစ်စဉ်အစီရင်ခံရန်တို့ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကိုသုံးစွဲမည့်အစား အိုဇုန်းလွှာကို မထိခိုက်စေသောပစ္စည်းများကို အစားထိုးသုံးစွဲခြင်းနှင့် လျှော့ချသုံးစွဲခြင်းအားဖြင့် ကမ္ဘာ့အပူချိန်ကို လျော့ကျစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။

### အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

Inclusive Business and Policy Dialogue on Private Sector Develop အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ Mercure Mandalay Hill Resort ဟိုတယ်၌ စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ "Myanmar-China Express" Cross Border Financial, Service အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) တွင် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အထူးကုဆရာဝန်ကြီးများ တွေ့ဆုံပွဲကျင်းပမည်

အသည်း၊ ကျောက်ကပ်၊ ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီးများတွေ့ဆုံပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ Wilson Hotel ၌ စက်တင်ဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ရွှေကြက်ယက်ဘုရားတွင် ငှက်လှေပြိုင်ပွဲ ကျင်းပမည်

ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားတွင် လှေဦးတိုက်ပွဲ၊ ရေစာကျွေးပွဲနှင့် ငှက်လှေပြိုင်ပွဲကို မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာရှိ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားခြေတော်ရင်းတွင် (တော်သလင်းလပြည့်ကျော် ၇၊ ၈ ရက်) စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်မည်

ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ် အမှိုက်ကောက်အသိပညာပေးလှုပ်ရှားမှုကို မန္တလေးမြို့ရှိ (စ)ရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်နှင့် မြရည်နန္ဒာရပ်ကွက်တို့၌ စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စန္ဒရားဆရာများအား ပူဇော်ကန်တော့မည်

မန္တလေးမြို့တွင်ရှိသော စန္ဒရားဆရာများစုပေါင်း၍ တတိယအကြိမ် အသက် ၆၀ နှင့်အထက် စန္ဒရားဆရာများအား ပူဇော်ကန်တော့ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပန်တျာကျောင်းရှိ စန္ဒရားသင်တန်းခန်းမ၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်နှင့် လားရှိုးမြို့များတွင်နေထိုင်သော စန္ဒရားဆရာကြီးများအား ဆရာကန်တော့ပွဲ ကျင်းပသွားမည်ဖြစ်သည်။

### တရုတ်ရုပ်ရှင်ပွဲတော် ကျင်းပမည်

မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ တရုတ်ရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂လမ်း၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား မင်္ဂလာစင်ထရယ်ပွိုင့်တွင် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်ကာလအတွင်း ဇာတ်ကားများကို နေ့စဉ် ညနေ ၆ နာရီခွဲ တစ်ပွဲတည်းသာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### ရုပ်သံတည်းဖြတ်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားမည်

အခမဲ့ပညာဒါနအဖြစ် ရုပ်သံတည်းဖြတ်သင်တန်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းနှင့် ၂၉ လမ်းထောင့်ရှိ SUN Photo & Video တွင် အောက်တိုဘာ ၁ ရက် မှ ၃၀ ရက်အထိ နေ့စဉ် ည ၇ နာရီ မှ ၉ နာရီအထိ တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## မူဆယ်မြို့ မဟာသန္တိသုခရပ်တော်မူဘုရား နှစ်ထပ်ကျောင်းဆောင် ရေစက်ချ



**မူဆယ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်၊ လွယ်တိန်ခမ်းတောင် မဟာသန္တိသုခရပ်တော်မူဘုရား ဓမ္မသာလာဓမ္မာရုံ နှစ်ထပ်ဆောင်အတွင်း နှစ်ထပ်ကျောင်းဆောင်၊ မီးစက်နှင့် မီးစက်ဆောင် ရေစက်ချမင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာခွဲတွင် မဟာသန္တိသုခရပ်တော်မူဘုရား ဓမ္မသာလာဓမ္မာရုံ၌ ကျင်းပသည်။

မူဆယ်ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမတို့ စုပေါင်းလှူဒါန်းငွေကျပ် ၆၆၉ သိန်းကျော်နှင့် တရုတ်ယွမ်ငွေ သုံးသိန်းကျော် အကုန်အကျခံပြီး တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရှိုးထန်(ပြန်/ဆက်)**

## သီပေါ သီတဂူစက္ခုဒါနဆေးရုံခွဲစိတ်ခန်းများ သန့်ရှင်းရေးဆောင်ရွက်

**သီပေါ စက်တင်ဘာ ၁၆**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အရှင်သူမြတ် ဦးဆောင်ဦးရွက်ပြုမှုနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြေးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၂၄ ရက်မှစ၍ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီပေါသီတဂူဆေးရုံကြီး၌ (၄၅) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန် (ငြိမ်း) ဒေါက်တာ ဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်ပမှ အထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ (အခမဲ့) ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်ထံမှ သိရသည်။

ယင်းသို့ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသား အသင်းသူများနှင့် သီတဂူဆေးရုံမှ ဝန်ထမ်းများက ခွဲစိတ်ခန်း၊ ခွဲစိတ်ခန်းနှင့်ဆက်စပ်သော အဆောင်များကို သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ဒလမြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာမြှင့်တင်၍ စုပေါင်းအမှိုက်ကောက်

**ရန်ကုန် စက်တင်ဘာ ၁၆**

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ အလင်းရောင်ပညာရေးစောင့်ရှောက်မှု ရှေ့ဆောင်မြန်မာနှင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများပါဝင်သော စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် စုပေါင်းအမှိုက်ကောက်ခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဒလမြို့နယ် (၆) ရပ်ကွက်၌ ပြုလုပ်ခဲ့သည်။



အလားတူ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲက အုံ့ကြီး အနောက်ရပ်ကွက်အတွင်းရှိ ဗိုလ်ချုပ်လမ်းမကြီး၊ ဗလမင်းထင်လမ်း၊ ဦးဥတ္တမ ၄ လမ်းတစ်လျှောက်တို့တွင်ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းအမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

## ပြည်ရွှေဆံတော် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

**ပြည် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၀၈ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၂၀)နှစ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲအတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ စေတီတော်မြတ်စွယ်တော်တိုက်၌ ကျင်းပသည်။

ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ စေတီတော်ဂေါပကအဖွဲ့ကိုယ်စား ဂေါပကအဖွဲ့ဝင် ဦးသိန်းတန်တို့က ပွဲတော်ကျင်းပရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ၂၆၀၈ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၄ ရက် နံနက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ပြီး (၁၂၀)နှစ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက် ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်အား နိုဝင်ဘာ ၁၃ ရက်အထိ ၁၀ ရက်တိုင်တိုင် အညာဒေသထွက်ကုန် အရောင်းဆိုင်များ၊ အညာဒေသထွက် သင်ဖျာအရောင်းဆိုင်များ၊ ကုမ္ပဏီပြခန်းများ၊ ချား၊ ရဟတ်နှင့် အခြားပျော်ပွဲရွှင်ပွဲ၊ ဇလာဇာတ်ပွဲများဖြင့် ယခင်နှစ်များနှင့် မတူထူးခြားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်**
**(ဓာတုဗေဒ)**

# ပဲခူးမြို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက "ကျွန်ုပ်တို့အားလုံး အနေနဲ့ ဒြပ်ပစ္စည်းများသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ကန့်သတ်ချက်၊ တားမြစ်ချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုပါတယ်" ဟု ပြောကြားသည်။



ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ဆုရရှိသူများအား ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်ကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အိုဇုန်းလွှာသည် ကမ္ဘာ့မြေပြင်အထက် ၆ မိုင်မှ ၃၁ မိုင်အတွင်း ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သည့် စထရာတိုစဖီးယား (Stratoshere) တွင် တည်ရှိပြီး နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည် 'ဘီ' ကို ကမ္ဘာ့မြေပေါ်သို့မကျရောက်စေရန် ၉၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးထားသည့် သဘာဝအကာအကွယ်တစ်ခုဖြစ်သည်။

ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်အနေဖြင့် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်တွင် လက်မှတ်ရေးထိုးသည့် စက်တင်ဘာ ၁၆ ရက်ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံများတွင် ၁၉၉၅ ခုနှစ်မှစတင်၍ အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများပြုလုပ်ခဲ့ကြပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာပေါ်ရှိ လူသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အိုဇုန်းလွှာပျက်စီးစေနိုင်သော ဒြပ်ပစ္စည်းများ လျှော့ချတားဆီးစေရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုကို တားဆီးစေရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ထွန်းဦးစီး၍ ဒု-မြို့နယ်မှူး ဒု-ရဲမှူးလှလွင်၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးအေးမြင့်နှင့် အမှတ်(၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ အင်အား ၁၀၀ ကျော်တို့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့ခုတင် ၁၀၀ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ မြက်ပင်၊ ချုံနွယ်အမှိုက်များအား စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက စုပေါင်းရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ကြီးမှူး၍ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ထားဝယ်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလှထွေးက ပြည်သူများကို သတင်းသိရှိပိုင်ခွင့် ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးများမြှင့်တင်ပေးနိုင်သော သင်တန်းလည်းဖြစ်ကြောင်း၊ အများသိသင့် သိထိုက်သည့် သတင်းမှန်များကို စနစ်တကျ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် အရေးကြီးကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပို့ချမည့် ဘာသာရပ်များအလိုက် ပို့ချချက်၊ သရုပ်ပြနှင့် လက်တွေ့ဆောင်ရွက်ချက်များကို မိမိတို့လုပ်ငန်းခွင်ကို ရောက်ရှိသည့်အခါ ပြန်လည်အသုံးချနိုင်ရေးအတွက် ကြိုးစားအားထုတ်သင်ယူလေ့လာကြရန်လိုကြောင်း၊ သင်တန်းပြီးဆုံးသွားပါက ပညာရပ်များကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာကြရန်နှင့် မိမိဒေသအတွက် အကျိုးရှိအောင် အသုံးပြုကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးထွန်းက မိမိတို့လိုအပ်သည့်သတင်းအချက်အလက်များ မည်သို့ရှာဖွေရမည်ကို သိရှိထားရန်မှာလည်း အရေးကြီးကြောင်း၊ ယနေ့ ဒစ်ဂျစ်တယ်ခေတ်တွင် နည်းပညာပြောင်းလဲဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ခေတ်နှင့် လိုက်လျောညီထွေစွာ လိုက်ပါပြောင်းလဲ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိရန်သာမက သတင်းမီဒီယာဥပဒေပါ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် သတင်းစာဆရာကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်း ၂၀ အား ဝေါဟာရရှင်းလင်းချက်၊ သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းနှင့် ဆောင်းပါးရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု၊ သတင်းမှတ်တမ်းလိုက်ရာတွင် ရှောင်ရန်၊ ဆောင်ရန်များ၊ Online နှင့် Social Media အသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ လက်တွေ့သတင်းမှတ်တမ်းရိုက်ကူးခြင်းများကို စက်တင်ဘာ ၂၁ ရက်အထိ စာတွေ့လက်တွေ့ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း မကွေး၌ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၁၆**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုတင်စီမံချက်များ ရေးဆွဲနိုင်ရေး၊ မိမိရပ်ရွာ၊ မိမိဒေသရှိ ပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ရေး အလေ့အကျင့်ကောင်းများနှင့် အသိပညာဗဟုသုတများ နားလည်စေရန် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

# အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကျင်းပ

**မြို့သစ်**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ကာတွန်းပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးမျိုးလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင် ၃၅ ဦးတို့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးမိုးကျော်**

**သထုံ**

သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်လင်းသူအောင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်မိသားစုများသည် သထုံမြို့နယ် သိမ်ဆိပ်နယ်မြေရဲစခန်းအပိုင် သိမ်ဆိပ်တိုက်နယ် ဆေးရုံဝင်းအတွင်း စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီခွဲက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

**မူဆယ်**

မူဆယ်ခရိုင်အတွင်းရှိ ခရိုင်ရဲ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်း၍ စက်တင်ဘာ ၁၄ ရက်က နံနက် ၇ နာရီခန့်က သန့်ရှင်းရေးလုပ်ငန်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးထိန်လင်းအောင်၊ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်မိသားစု ၉၈ ဦးတို့သည် မူဆယ်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ပြီး မူဆယ်ပြည်သူ့ဆေးရုံ အမျိုးသားသွေးဌာန၌ တပ်ဖွဲ့ဝင် ၃၀ သွေးလှူဒါန်းခဲ့ကြောင်း မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအောင်ထိန်လင်းက ပြောကြားသည်။ **ကိုရဲ**

# ဒေါ့မွန်အသင်းနဲ့ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မက်ဆီပါဝင်လာရန် ဘာစီလိုနာအသင်းနည်းပြ မျှော်လင့်

တိုက်စစ်မှူးမက်ဆီဟာ စပိန်လာလီဂါ ပြိုင်ပွဲမစတင်မီရက်ပိုင်းအလိုမှာ ဒဏ်ရာရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းရဲ့ လာလီဂါပွဲစဉ်တွေမှာ လွဲချော်ခဲ့ပြီး လက်ရှိမှာတော့ ဒဏ်ရာသက်သာလာပြီဖြစ်လို့ ဘာစီလိုနာအသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ပြန်လည်ပါဝင်လာခဲ့ပြီ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ စက်တင်ဘာ ၁၇ ရက်မှာ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်အဖြစ် ဂျာမနီမြေမှာ ဒေါ့မွန်အသင်းနဲ့ ကစားရမှာဖြစ်တာကြောင့် အဲဒီပွဲစဉ်မှာ ပါဝင်လာဖို့ နည်းပြဗယ်ဗာဒီက မျှော်လင့်ထားတယ်လို့ဆိုပါတယ်။

မက်ဆီနဲ့အတူ ဒဏ်ရာရရှိနေခဲ့တဲ့ ဒမ်ဘီလီလည်း ဒဏ်ရာပြန်လည်သက်သာလာခဲ့ပြီဖြစ်လို့ ဘာစီလိုနာအသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ပြန်လည်ပါဝင်လာပြီဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီအား ဒေးဗစ်ဘက်ခမ်းက လာမည့်ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းကနေ ထွက်ခွာပြီး အင်တာမီယာမီအသင်းကို ပြောင်းရွှေ့လာဖို့ မက်ဆီရဲ့ဖခင်ဖြစ်သူ ဂျော့နဲ့ ဆွေးနွေးမှုတွေပြုလုပ်သွားမယ်လို့လည်းသိရပါတယ်။ မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာလည်း ဖြစ်ပါတယ်။





# ကန်တီအား ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာရန် အေဒင်ဟာဇက်နဲ့ ကော်တိုရစ်တို့ ဆန္ဒရှိနေ

ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီဟာ စပိန်မြေသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်နေတာကြောင့် အေဒင်ဟာဇက်နဲ့ ကော်တိုရစ်တို့က ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာဖို့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။

ချယ်လ်ဆီးအသင်းကစားသမားဟောင်းနှစ်ဦးဖြစ်တဲ့ ဟာဇက်နဲ့ကော်တိုရစ်တို့ဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့သွားခဲ့တာဖြစ်ပါတယ်။ ကော်တိုရစ်ဟာ ၂၀၁၈ ခုနှစ်အတွင်းက ပေါင် ၃၈ သန်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ခဲ့ပြီး ဟာဇက်ဟာလည်း ယခုနှစ်အစောပိုင်းမှာ ပေါင်သန်း ၁၅၀ နဲ့ ရီးယဲလ်မက်ဒရစ်ကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့ရာသီက စပိန်လာလီဂါမှာ ချန်ပီယံဘာစီလိုနာအသင်းနဲ့ ၁၉ မှတ်အကွာမှာ ရပ်တည်ခဲ့ပြီး ချန်ပီယံလိဂ်မှာလည်း ၁၆ သင်းအဆင့်မှာအေဂျက်အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ယခုနှစ်မှာ ဟာဇက်ကို ဈေးကြီးပေးပြီးဝယ်ခဲ့တာပါ။

၂၀၂၀ မှာလည်း ချယ်လ်ဆီးကွင်းလယ်ကစားသမားကန်တီကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ စီစဉ်နေပြီး ချယ်လ်ဆီးနည်းပြလမ်းပတ်ကလည်း ကန်တီကို ရောင်းချဖို့အထိ စီစဉ်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကန်တီအနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းလာဖို့ ဟာဇက်နဲ့ကော်တိုရစ်တို့က ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

**ငွေကြယ် စုစည်းသည်**

## အနုပညာ

# အားလပ်ရက်တွေကို အဆုံးသတ်ခဲ့ပြီဖြစ်တဲ့ BTS

ကမ္ဘာကျော် ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ တေးဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူသွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် ပေါ့ပ်ကြယ်ပွင့်တွေဟာ အားလပ်ရက်တွေကို ပရိသတ်တွေနဲ့အဝေးမှာ ကုန်ဆုံးခဲ့ပြီး အဖွဲ့ဝင်တွေရဲ့တေးဂီတလှုပ်ရှားမှုတွေကိုလည်း မတွေ့ခဲ့ရပါဘူး။ ဒါပေမယ့် လတ်တလောမှာ အဖွဲ့ဝင်တွေဟာ အနုပညာလှုပ်ရှားမှုသစ်တွေ လုပ်ဆောင်ဖို့ရာ ပြည်ပကို ထွက်ခွာသွားပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဩဂုတ် ၁၂ ရက်ကနေ စတင်ခဲ့တဲ့ "BTS" ရဲ့ အားလပ်ရက်တွေဟာ လတ်တလောမှာ အဆုံးသတ်ခဲ့ပြီ ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေဟာ ပြည်ပမှာ ရုပ်သံအစီအစဉ်တစ်ခုကို သွားရောက်ရိုက်ကူးဖို့ရာ အင်ချွန်းလေဆိပ်ကနေ လတ်တလောမှာ ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း "BTS" ရဲ့ အားလပ်ရက် ကုန်ဆုံးပြီဖြစ်ကြောင်းနဲ့ တစ်ဦးချင်းစီရဲ့ လှုပ်ရှားမှုတွေ ပြန်လည် စတင်လာခဲ့ပြီဖြစ်တယ်လို့ ဆိုပါတယ်။ အဖွဲ့ဝင်တွေဟာ လှုပ်ရှားမှုတွေ ပြန်လည်စတင်ခြင်းနဲ့အတူ အပြင်အဆင်ပုံစံသစ်တွေ ပြောင်းလဲထားတာကိုလည်း တွေ့ရပါတယ်။



နယူးယောက်ဖက်ရှင်သီတင်းပတ်အတွင်း ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းရဲ့ဖက်ရှင်ပြပွဲကို တက်ရောက်အားပေးခဲ့ကြတဲ့ သားဖြစ်သူ ရိုမီယို၊ ဘရွတ်ခ်လင်း၊ ခရုဇ်၊ သမီးဖြစ်သူ ဟာပါနဲ့ ခင်ပွန်းဖြစ်သူ ဒေးဗစ်ဘက်ခမ်း (ဝဲမှယာ)။

# ဂျက်ဆီကာ၏ တေးသီချင်းသစ် ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဂျက်ဆီကာဟာ မကြာမီမှာ တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာတော့မှာ ဖြစ်ပါတယ်။ ယခုလ ၂၆ ရက်မှာ ပေါ့ပ်ကြယ်ပွင့်ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်ဆီကာရဲ့တေးသီချင်းသစ်ဟာ ယခုနှစ်အတွင်း ပထမဆုံးထုတ်လွှင့်ပေးတဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့တေးသီချင်းဖြစ်လာမှာပါ။ ဂျက်ဆီကာဟာ ပြီးခဲ့တဲ့ဒီဇင်ဘာက တေးအယ်လ်ဘမ်တစ်ခုကို နောက်ဆုံးထုတ်လွှင့်ခဲ့တာဖြစ်ပြီး ကိုးလခန့်အကြာမှာမှ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ပေးသွားမှာလည်း ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဂျက်ဆီကာရဲ့ တေးသီချင်းသစ်မှာ တွဲဖက်သီဆိုထားတဲ့ တေးသံရှင်ကို တွေ့မြင်ရတဲ့အခါ ပရိသတ်တွေအနေနဲ့ အတော်လေး အံ့အားသင့်ရမှာဖြစ်ကြောင်းလည်း သိရပါတယ်။ တေးသီချင်းသစ်ကို ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေနဲ့မတူဘဲ ပုံစံသစ်နဲ့ဖန်တီးထားကာ ဂျက်ဆီကာရဲ့ ထူးခြားတဲ့အသံကိုလည်း ပေါ်လွင်အောင် ဖန်တီးထားတယ်လို့သိရပါတယ်။

**အေးပြည့် -စုစည်းသည်**



# Gucci ရဲ့ ကမ္ဘာလုံးဆိုင်ရာ သံတမန်တစ်ဦးဖြစ်လာတဲ့ ခါအီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခါအီဟာ လတ်တလောမှာ အဝတ်အစားအသုံးအဆောင် အမှတ်တံဆိပ်တစ်ခုရဲ့ ကမ္ဘာလုံးဆိုင်ရာ သံတမန်တစ်ဦးဖြစ်လာခဲ့ပါပြီ။ သူဟာ အခြားသော ကြယ်ပွင့်တွေဖြစ်ကြတဲ့ တရုတ်မင်းသမီး နီနီ၊ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် ဟယ်ရီစတိုင်တို့နဲ့အတူ Gucci ရဲ့ သံတမန်တစ်ဦးဖြစ်လာခဲ့တာပါ။ ဒီလို ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ သံတမန်တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရတာ ခါအီက ပထမဆုံးဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို သံတမန်တစ်ဦးဖြစ်လာခဲ့တဲ့ ခါအီဟာ Gucci ရဲ့ ကြော်ငြာတွေနဲ့ အမှတ်တံဆိပ်နဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေ၊ ဖက်ရှင်ပြပွဲတွေမှာ ပါဝင်ဆောင်ရွက်သွားရမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဗီဇာဖြေလျှော့ခွင့်ပြုပေးမှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှု သိသာစွာတိုးတက်

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မှုလွယ်ကူစေရန် ဗီဇာဖြေလျှော့၍ ခွင့်ပြုပေးနေမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ယခုနှစ်ခြောက်လတာကာလအတွင်း သိသာစွာ တိုးတက်များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။



"ခရီးသွားတွေ ဝင်ရောက်မှုလွယ်ကူစေဖို့ နိုင်ငံတော်က ၂၀၁၈ ခုနှစ် အောက်တိုဘာလကစပြီး ဗီဇာဖြေလျှော့မှုတွေ ပေးလိုက်တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းကို ခရီးသွားဝင်ရောက်မှုက လစဉ် သိသိသာသာကို တိုးတက်လာတယ်။ လက်ရှိမှာ ခရီးသွားရာသီကာလ မရောက်သေးပေမယ့် ဇန်နဝါရီလကနေ ဇွန်လအထိ ခြောက်လတာကာလအတွင်း ဝင်ရောက်မှုက ၃၄၀၀၀၀ ကျော်အထိ ရှိနေတယ်။ မနှစ်က ခြောက်လတာကာလတူနဲ့ နှိုင်းယှဉ်မယ်ဆိုရင် တစ်သိန်းကျော် ပိုမိုဝင်ရောက်နေတာကို တွေ့ရတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်မှာ နိုင်ငံတကာခရီးသွားဝင်ရောက်မှုက ၂၀၁၈ ခုနှစ်ထက် သိသိသာသာကို တိုးတက်လာမယ်လို့ ပြောနိုင်ပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာလည်း ဒီထက်ပိုမို ဝင်ရောက်လာတော့မှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

"ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ဝင်ရောက်မှုလွယ်ကူစေဖို့က အဓိကကျပါတယ်။ ခရီးသွားနဲ့ အောင်မြင်နေတဲ့ နိုင်ငံတိုင်းမှာလည်း သူတို့နိုင်ငံကို ဝင်ရောက်မှုလွယ်ကူစေဖို့ ဗီဇာဖြေလျှော့မှုတွေပေးပြီး တစိုက်မတ်မတ် ဆောင်ရွက်နေကြတာပါ။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ဗီဇာဖြေလျှော့မှုတွေအပြင် နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လေကြောင်းလိုင်းတွေလည်း တိုးချဲ့ပျံသန်းပေးနေပါတယ်။ ဒါ့အပြင် ဝင်ရောက်လာမယ့် ခရီးသွားတွေအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ၊ ခရီးစဉ်ဒေသနဲ့ ခရီးသွားအမျိုးအစား စုံလင်အောင် ထားရှိနိုင်ဖို့လည်း ကြိုတင်ပြင်ဆင် လုပ်ဆောင်နေကြသလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့လည်း သင်တန်းတွေ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေပါတယ်။ ဒါ့အပြင် ခရီးသွားဒေသသစ်တွေ တိုးချဲ့ရေးဆွဲနိုင်ဖို့ မန္တလေးနဲ့ ဆက်စပ်နေတဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါတယ် "ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၈၃၇၈၄ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၄၉၂၀၉၇ ဦး ဝင်ရောက်လျက်ရှိပြီး ယခု ၂၀၁၉ ခုနှစ်တွင်ခြောက်လတာကာလအတွင်း ၃၄၃၄၁၁ ဦး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိုတိုထွာထွာဖတ်စရာ

### ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကျင်းပ

**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသီဟက အိုဇုန်းလွှာပျက်စီးမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် နောက်ဆက်တွဲ ပြဿနာများ၊ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**တာလင်းမောင်(ပြန်/ဆက်)**

### လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင် စီမံကိန်းဦးစီးရုံးမြေနေရာအဖြစ် အသုံးပြုရာတွင်ပါဝင်သော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ခရိုင်စီမံကိန်းဦးစီးဌာန၌ ပြုလုပ်သည်။

မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကိုက မြေယာလျော်ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လယ်မြေ သုည ဒသမ ၁၈ ဧကနှင့် ယာမြေ သုည ဒသမ ၇၄ ဧကတို့အတွက် စုစုပေါင်းငွေကျပ်သိန်း ၁၄၇၀၀၀၀ ကို တောင်သူလေးဦးတို့ထံ ပေးအပ်ခဲ့သည်။

**စိန်ကျော်**



ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒု-ရဲအုပ်နိုင်လင်းထွန်းသည် ကူးတို့ဆိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ စက်တင်ဘာ ၁၄ ရက် ည ၇ နာရီက မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# မုံရွာမြို့၌ အထူးရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံးတွင် သဘာဝဘေးများဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို အသုံးပြုပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရန်အတွက် အထူးရှာဖွေကယ်ဆယ်ရေးသင်တန်းကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီမှစတင်ပြီး ငါးရက်ကြာ သင်ကြားပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းစမ်းအေးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝဘေးများဖြစ်ပေါ်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချလုပ်ဆောင်နိုင်ရန်၊ ဖြစ်ပေါ်ပြောင်းလဲလာသော ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရန်အတွက် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သော အထူးရှာဖွေကယ်ဆယ်ရေးသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသုံးပြုခြင်း၊ ပြုပြင်ခြင်းနှင့် ကိုင်တွယ်ထိန်းသိမ်းနည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦးအား တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ကိုယ်စားပြု ရှာဖွေကယ်ဆယ်ရေး အထူးတပ်စုအဖြစ် ဖွဲ့စည်းမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် လိုအပ်ချက်အရ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်ရှိက စေလွှတ်လုပ်ဆောင်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် စာပေဆုချီးမြှင့်ပွဲ ဖျာပုံ၌ကျင်းပ

**ဖျာပုံ စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။




တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းက အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းခြင်းလုပ်ငန်း အသိပညာပေးဗီဒီယိုပြကွက်အား ပြသပြီး အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မောင်သီဟစွမ်းရည်ထက် (အထက ၂၊ ဖျာပုံ) အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းကလည်းကောင်း၊ ဒုတိယဆုရ မနွေးနွေးလှိုင် (အထက ၃၊ ဖျာပုံ) အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်ကလည်းကောင်း၊ တတိယဆုရ မဝင့်ဝါထိုက် (အထက ၂၊ ဖျာပုံ) အား ခရိုင်ဥပဒေအရာရှိ ဦးသန်းဦးကလည်းကောင်း၊ နှစ်သိမ့်ဆုရ မအိမ့်ကြာဖြူ (အထက ၂၊ ဖျာပုံ)အား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဖျာပုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက "ကမ္ဘာမှာကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာတွေက ရာသီဥတုပြောင်းလဲမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ လေထု ရေထုညစ်ညမ်းမှု၊ မြေဆီလွှာပျက်စီးမှု၊ သစ်တောပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံ မျိုးကွဲများပျက်စီးပျောက်ကွယ်မှုတွေ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အဲဒီထဲမှာ အိုဇုန်းလွှာပျက်စီးမှုကလည်း ပါဝင်နေတယ်။ အဲဒီအတွက် ပြည်သူလူထုအနေနဲ့ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းတွေကို ပြည်သူလူထုသိရှိစေဖို့ ခုလို လူတန်းစားအလွှာစုံပါဝင်တဲ့ အခမ်းအနားကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရန်ကုန်-တောင်ငူ ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း အောက်တိုဘာ ၁ ရက်တွင် စတင်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းကိုမြန်မာ့မီးရထားမှဂျပန်နိုင်ငံ JICA ၏ ODA (Official Development Assistance) ဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ အကုန်အကျခံဆောင်ရွက်မည်ဖြစ်ရာ ရထားလမ်းပိုင်းစီမံကိန်း(အဆင့်-၁) ဖြစ်သော ရန်ကုန်-တောင်ငူလမ်းပိုင်းအရှည် ၁၆၆ မိုင်ကို အောက်တိုဘာ ၁ ရက်တွင် စီမံကိန်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းသည် ၃၈၅ ဒသမ ၅ မိုင် ရှည်လျားသည့်အတွက်ကြောင့် အဆိုပါလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားသဖြင့် ရထားလမ်းပိုင်းကို စီမံကိန်း(အဆင့်-၁)အနေဖြင့် ရန်ကုန်-တောင်ငူလမ်းပိုင်း ၁၆၆ မိုင်၊ စီမံကိန်း(အဆင့်-၂) အနေဖြင့် တောင်ငူ-မန္တလေးလမ်းပိုင်း ၂၁၉ ဒသမ ၅ မိုင်ဟူ၍ အဆင့်နှစ်ဆင့်ခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က ပြောကြားသည်။

ရန်ကုန်-တောင်ငူလမ်းပိုင်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကာ ရန်ကုန်-ပဲခူး၊ ပဲခူး-ညောင်လေးပင်၊ ညောင်လေးပင်-တောင်ငူလမ်းတို့ဖြစ်ကြောင်း၊ အပိုင်းတစ်ပိုင်းစီကို သုံးပိုင်းထပ်ခွဲ၍ အကြို တစ်နှစ်နှင့် တည်ဆောက်ချိန် သုံးနှစ်ဖြင့် စုစုပေါင်း လေးနှစ်အတွင်းတည်ဆောက်မည်ဖြစ်ကြောင်းသိရကာ စီမံကိန်း(အဆင့်-၂)ဖြစ်သည့် တောင်ငူ-မန္တလေးလမ်းပိုင်း ဆောင်ရွက်ရန်အတွက် JICA ၏ Grant ဖြင့် Detail ဒီဇိုင်းရေးဆွဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။




ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းတစ်လျှောက်ရှိ ဘူတာစုစုပေါင်း ၉၆ ဘူတာ၏ရထားလမ်းပလက်ဖောင်းများကို ရထားအမြင့်နှင့် လိုက်လျောညီထွေမှုရှိစေမည့် အမြင့်သို့ ပြောင်းလဲပေးမည်ဖြစ်ပြီး ပလက်ဖောင်းအရှည်ကိုလည်း ပေ ၄၀၀ မှပေ ၈၀၀အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရထားလမ်းအချက်ပြများကို လျှပ်စစ်အချက်ပြများအဖြစ်သို့ ပြောင်းလဲပေးမည်ဖြစ်ပြီး ရထားလမ်းကူးဂိတ်များကိုလည်း အသံမြည်အချက်ပြဂိတ်များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိ ၁၅ နာရီကြာ ပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးရထားတွဲဆိုင်းမှာ တစ်နာရီလျှင် ၃၈ မိုင်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းဆောင်ရွက်ပြီးစီးပါက ရထားပြေးဆွဲချိန်ခရီးစဉ် ၈ နာရီသာကြာမြင့်တော့မည်ဖြစ်ကြောင်းနှင့် တစ်နာရီလျှင် ၆၂ မိုင်နှုန်းဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (သွားလာပို့ဆောင် ရေး) မှ ဦးအောင်မြင့်လှိုင်က ပြောကြားသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ ယူ-၁၆ ခြေစစ်ပွဲ မြန်မာအသင်း အားကစားသမား ၂၃ ဦးရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲအုပ်စု (K) အတွက် မြန်မာ ယူ-၁၆ အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦးရွေးချယ်ကာ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာအသင်းသည် အာရှ ယူ-၁၆ ခြေစစ်ပွဲအုပ်စု (K) တွင် တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်(တိုင်ပေ) တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။



မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၁၈ ရက်တွင် ထိုင်းအသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် တရုတ်(တိုင်ပေ) အသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး ပွဲအားလုံးကို ညနေ ၆ နာရီတွင် စတင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် အာရှ ခြေစစ်ပွဲအတွက် ဩဂုတ် ၇ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး လက်ရှိနည်းပြ ဦးမင်းသူမှာလည်း ခြေစစ်ပွဲအတွက် အသစ် ပြောင်းလဲခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် ခြေစစ်ပွဲမစတင်မီ မန္တလေးမြို့၌ ကျင်းပသည့် လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ခြေစစ်ပွဲအတွက် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် ပဏာမကစားသမား ၂၇ ဦးအနက် လေးဦးလျှော့ချခဲ့ခြင်းဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အသင်းနည်းပြချုပ် ဦးမင်းသူသည် အပြီးသတ်ရွေးချယ်ရာတွင် ဒဏ်ရာရနေသည့် ကစားသမား သုံးဦးနှင့် ဂိုးသမား တစ်ဦးကို ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းတွင် နည်းပြချုပ်-ဦးမင်းသူ၊ လက်ထောက်နည်းပြ-ဦးဘိုဘိုအောင်၊ ဦးတင်မောင်ဝင်း၊ ဂိုးနည်းပြ-ဦးဇော်လင်းအောင်၊ **ဂိုး-**ထက်အာကာလင်း၊ ဟံသာလင်း၊ အောင်ကျော်ဖြိုး၊ **နောက်တန်း-**ထူးမြတ်ခန့်၊ ထွန်းထွန်းဝင်း၊ ကောင်းထက်ပိုင်၊ လာဘ်ဝေဖုန်း၊ ကောင်းခန့်ကျော်၊ စိုင်းစိုင်းအုံ့ထူး၊ မိုးခန့်၊ ကောင်းခန့်ကျော်၊ ကျော်ကျော်လင်း၊ ဝေယံလင်းသူ၊ **အလယ်တန်း-**ထက်အောင်ဝင်း၊ ကောင်းဇော်လင်း၊ ကျော်မင်းခန့်၊ မင်းသူ၊ သန်းတိုးအောင်၊ ဝေဘုန်းမြင့်ကျော်၊ **ရှေ့တန်း-**ရန်နိုင်ထွန်း၊ မင်းခန့်သူ၊ ဇင်မျိုးအောင်၊ အောင်သီဟပိုင်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဘောလုံးပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၁၆**


မြန်မာ-အိန္ဒိယ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး အနုပညာရှင်များ၊ ဌာနဆိုင်ရာ ဘောလုံးဝါသနာရှင်များ အသင်းနှင့် အိန္ဒိယနိုင်ငံမဏိပူရ်ပြည်နယ် အနုပညာရှင်များ၊ ဌာနဆိုင်ရာဘောလုံးဝါသနာရှင်များ ပါဝင်သော MamiThawan Football Team Of Manipur အသင်းတို့၏ ဘောလုံးပြိုင်ပွဲကို မုံရွာတွင် စက်တင်ဘာ ၁၅ ရက် ညနေက ကျင်းပသည်။

အဆိုပါပွဲတွင်ပါဝင်ကစားသူ ဇာတ်မင်းသား ဖိုးချစ်က "ချစ်ကြည်ရေးပွဲဆိုတော့ နှစ်နိုင်ငံနားလည်မှုရော၊ အစိုးရအဖွဲ့အချင်းချင်းရော၊ အနုပညာရှင်အချင်းချင်းရော၊ ပြည်သူလူထုအချင်းချင်းပါ ရင်းရင်းနှီးနှီးနဲ့ သိပ်ကောင်းတဲ့ပွဲပါ" ဟု ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီသူထူးစံက "ဆရာချစ်(မင်းသား-ဖိုးချစ်) နဲ့ ကျွန်တော်က စစ်ကိုင်း FC မစခင်ကတည်းက မုံရွာမှာ အတူတူဘောလုံးကန်ဖူးတယ်။ စစ်ကိုင်းတိုင်းဒေသကြီး FC ဖွင့်ပွဲလုပ်တုန်းကလည်း ကျွန်တော်ပါတယ်။ ကွင်းကခမ်းနားပြီး ထူးခြားသွားပါတယ်" ဟု ပြောကြားသည်။ သရုပ်ဆောင် နေဒွေးက "အနုပညာရှင်အချင်းချင်း ကန်ရမှာရယ်၊ ကွင်းကလည်းကောင်းတော့ စိတ်တွေလှုပ်ရှားနေတယ်" ဟု ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**ပဲခူး။** ။ ရွှေမော်ဓောဘုရား အထက်ပစ္စယံတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး အမှတ် (၃) ယာဉ်ထိန်းရဲဒု-တပ်ဖွဲ့မှူး ရဲမှူးဘုန်းမင်းစိုးနှင့် အမှတ် (၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူးဝင်းနိုင်စိုးတို့ ဦးဆောင်၍ စုပေါင်းလုပ်အားပေး ကုသိုလ်ယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဌေးနိုင်(ပဲခူး)**



**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စက်ဘင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးလှိုင်ဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၇၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းစဉ်။

**တင်ထွဋ်(မော်လမြိုင်)**

**ရန်ကုန်**

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်လင်း၊ သန်လျင်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး စိုးဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့မိသားစုဝင်များသည် စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**



**ရန်ကုန်။** ။ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၏ စီစဉ်ညွှန်ကြားမှု၊ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်း ဦးဆောင်၍ အမှတ်(၃/၅/၆/၇/၈/၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်အင်အား ၁၈၀ ဖြင့် ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်းရှိ ခေမာသီဝံဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြင့်မောင်**




**မိတ္ထီလာ** ။ အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒု-ရဲမှူးကြီးကျော်မင်းလှိုင် ဦးစီးသောတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၇၀ တို့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုကိုရှူပ**






ပုလုတ်တုတ်
၂၀၁၉ ခုနှစ်
အောက်တိုဘာလ ထွက်ပြီ
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။





## ရခိုင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၉-၂၀ ၂၀ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဝန်ထမ်းအိမ်ရာအဆောက်အဦနှင့် အခြေခံအဆောက်အအုံ (Infrastructure)များအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါပေးမည့်လုပ်ငန်းများ၊ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် ၁၆-၁၀-၂၀၁၉ရက်မှစ၍ ၈-၁၁-၂၀၁၉ရက်အထိ သတ်မှတ်ကာလ၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး၊ ၁၃-၁၁-၂၀၁၉ရက်မှ ၁၉-၁၁-၂၀၁၉ရက်၊ ညနေ ၄း၃၀နာရီအထိ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းနိုင်ပါသည်။

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ်-၀၄၃-၂၂၇၅၂၊ ၀၉-၇၇၇၂၇၀၇၂၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


☆STAR☆
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330



ရောင်ခြည်ထပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773


## အသိပေးကြေညာခြင်း

TTCL Power Myanmar Company Limited (TPMC)သည် ၃၃၈ မီဂါဝပ်ရှိ သဘာဝဓာတ်ငွေ့အသုံးပြု ပေါင်းစပ်လည်ပတ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် စီစဉ်လျက်ရှိပါသည်။ စီမံကိန်းတွင် LNG ဓာတ်အားပေးစက်ရုံ (အလုံ)၊ ဒလမြို့နယ် LNG လက်ခံရေးဂိတ်၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း (ဒလမှ ဆိတ်ကြီးခနောင်တိုထိ)၊ ၂၈ကီလိုမီတာဓာတ်အားလိုင်း (တွံတေးမြို့နယ်မှ လှိုင်သာယာမြို့နယ်ထိ)စသည့် အဓိကအစိတ်အပိုင်းသုံးခုပါဝင်ပါသည်။

TPMC, Environmental Resources Management (ERM), Sustainable Environment Myanmar (SEM) တို့သည် အဆိုပြုလုပ်ငန်းအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း (ESIA) လေ့လာခြင်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ESIA အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး TPMC ရုံး၊ ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန နေရာများတွင် ရယူနိုင်ပါသည်။ အစီရင်ခံစာ၏ Electronic Copy ကို TMPC၏ အင်တာနက်စာမျက်နှာ https://ttcl.com/news/activities တွင် ရယူနိုင်ပါသည်။

**TPMCရုံးလိပ်စာ - 16B, 16th Floor, Centre Point Tower, No. 65, Corner of Sule Pagoda Road and Merchant Street, Kyauktada Township, Yangon, Myanmar.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အနံ့ဇုန်၊ မန္တလေးလမ်း၊ အမှတ်(၂၃၉)၊ ပေ(၆၀×၈၀)ရှိမြေကွက်နှင့် အမှတ်(၂၄၀) ပေ(၆၀×၈၀)ရှိ မြေကွက်တို့ကို မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်သူ ဦးထွန်းထွန်းဝင်း[၁၂/ဒဂန(နိုင်)၀၂၇၀၈၀]ကိုင်ဆောင်သူထံမှ ဦးကျော်ကျော်ဝင်း [၁၂/ရပသ(နိုင်)၀၆၆၅၃၃]ကိုင်ဆောင်သူမှ ဝယ်ယူရန် သဘောတူပြီးဖြစ်ကာ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၅၃)**
**ဖုန်း-၀၉-၄၂၀၂၉၉၀၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ တိုက်အမှတ် A 1,Star City ကွန်ဒို၊ 4 လွှာ၊ အခန်းအမှတ်(၄၀၆) (၉၀၀)စတုရန်းပေအကျယ်ရှိ ရေ+မီး စုံလင်စွာပါရှိသော ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးမြတ်ကျော် [၁၂/လမတ(နိုင်)၀၃၁၂၉၇]နှင့် ဒေါ်စန်းစန်းနွဲ့ [၁၂/လမတ(နိုင်)၀၁၁၈၇၄]ထံမှ ကျွန်ုပ်မိတ်ဆွေက တိုက်ခန်းတန်ဖိုးစရန်ငွေအချို့ပေးချေဝယ်ယူထားပြီးပြီဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးခံစားသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုတင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တရားဝင် ရောင်းဝယ်ပိုင်ဆိုင်ခွင့်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဆန်နီ** | **ဦးခင်မောင်ထွေး(B.A,H.G.P,D.B.L)** |
| **[၁၂/ပဇတ(နိုင်)၀၁၂၂၃၉]** | **အထက်တန်းရှေ့နေ (စဉ်-၈၈၂၉)** |
| | **တိုက် (၅၁)၊ သုခလမ်း၊ ကျောက်မြောင်းရပ်ကွက်၊** |
| | **တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၇၈၁၅** |

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ... RCတိုက်ခန်းနှင့် ... လွှဲအပ်ညွှန်ကြားချက်အရ -

| | | | |
|---|---|---|---|
| ဒေါ်မြွေမြွေ(စဉ်-၃၀၀၃) | ဦးမြင့်သန်း(စဉ်-၆၉၈၃) | ဒေါ်သီရိလှိုင်(စဉ်-၁၅၂၆၀) | ဦးအောင်ဇော်မိုး(စဉ်-၄၅၁၇၅) |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

Zaluckpwintrealestate2013@gmail.com ဖုန်း-09 5018076

## နိုင်ငံ တစ်ဝန်း စိမ်းလန်းဖို့ သစ်ပင် စိုက်ပျိုး ထိန်းသိမ်းစို့

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank ၏(၂၂၈)ခုမြောက် ဘဏ်ခွဲဖြစ်သော ပူတာအိုဘဏ်ခွဲ အသစ်ကို ဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပူတာအိုဘဏ်ခွဲ

အမှတ်(၁/က-၂၅)၊ ကျောင်းလမ်း၊ ကောင်းကထောင် ရပ်ကွက်(၁)၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။


Tel : (95) 09 442630993 / 442630994
Email : contact@cbbank.com.mm
Contact Center : (01) 2317770




လိုနေသူကို ပေးမကျွံဖို့ မြှုစင်စေတနာ ပြည့်စွာဖြင့်
ဆရာမိုး Follow Me B.Sc.(Hons).,M.Sc.,Ph.D.
Saturday only / Sunday only တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ရက်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း အင်္ဂလိပ် စကားပြောနည်း ဖတ်နည်း ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံခြား သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကျမ်းကျင်ပြီ။ တန်းခွဲသစ်များ Sept 21 စမည်။
4 SKILLS Level(1,2,3) အောင်မြင်ပြီးသူတိုင်း Dip in ESL ရရှိမည်။
နောက်ဆုံးပေါ် နိုင်ငံခြား သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။
အဆင့်မြင့် နိုင်ငံခြား University များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် ဘွဲ့ရပြီးနောက် တက်ရောက်ခွင့် ရရှိစေဖို့
မြည့်စုံ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြားနည်းများနှင့်အတူ
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ ဘဏ်အုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ရိုင်းသီးသန့် ❖ ၄၃၆ (မ) ထပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798




အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ထိပ်တန်းတက္ကသိုလ်နှင့် ကောလိပ်များသို့တက်ရောက်လိုသော ကျောင်းသား / သူများအတွက်
တစ်ဦးချင်းပညာရေးဆွေးနွေးပွဲ
STUDY IN NEW YORK
| 21ST SEPTEMBER (SATURDAY) | 10:00 AM ~ 4:00 PM |
@ AT&S OFFICE - BUILDING 5, ROOM 4, MICT PARK, YANGON
Queens College City University of New York ၏ Senior Student Recruitment Manager ဖြစ်သူ Ms. Ngoc Anh Hoang မှ နေ့လယ် ၂ နာရီမှ ၄ နာရီအထိ ဆွေးနွေးပေးပါမည်။
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများတက်ရောက်နိုင်မည့် New York မြို့ရှိ College နှင့် University များအကြောင်း
- SAT, ACT မလိုဘဲတက်ရောက်နိုင်မည့် တက္ကသိုလ်ပထမနှစ်နှင့်ညီမျှသော Int'l Student Program များအကြောင်း
- ၁၂တန်း ပညာရေးရှိသူများ တိုက်ရိုက်လျှောက်ထားနိုင်မည့် New York မြို့ရှိ College နှင့် University များအကြောင်း
Hotline 09 799 595 949 , 09 5062 161, 01 652320

နေမကောင်းလျှင် ရွှေမှုန်းမြိုင် အမှတ်တံဆိပ်

ချွေးထုတ်ဆေးကိုသုံးဆောင်ပါ
အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်းနှင့် တုပ်ကွေးရောဂါများကိုပျောက်ကင်းစေပါသည်။
T38IL002348(1019)
မြန်မာ့ရိုးရာ-အမှတ်(၁၀၂)(၃၈)လမ်း၊ အောက်၊ ရန်ကုန်မြို့။ ၀၁-၃၇၆၀၈ ၅၅၉၀၄၂၊ ၀၉-၄၅၁၀၀၈၉၉၄၊ ၀၉-၈၅၉၈၄၅၃

သာလွန်ကျော်
အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-447755486

MM
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-444880970

ကျောက်စိမ်း
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
ပွဲခ လုံးဝ မယူပါ။
09 - 670 670 810
09 - 670 670 820

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ် (II-၁၂၁)၊ ဧရိယာ(၀.၁၇၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်(Alexander Hood & John Hogg Trustees of the Presbyterian Church) အမည်ပေါက်၊ ရာသက်ပန်မြေငှားဂရန်မြေအား ၅-၁-၂၀၁၉ရက် ပရက်(စ်)ဘီတေးရီးယားန်းအသင်းတော်ရုံးခန်း၌ ကျင်းပပြုလုပ်သော ဂေါပကအစည်းအဝေးမှတ်တမ်းအရ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ထန်ကီမိ[၄/ဖလန(နိုင်)၀၀၄၃၈၇]မှ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၏ ထောက်ခံချက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်သာသနာရေးမှူးရုံး၏ထောက်ခံချက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထောက်ခံချက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်သာသနာရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်၊ ရန်ကုန်ပရက်စ်ဘီတေးရီးယားန်းအသင်းတော်သည် မြန်မာနိုင်ငံ ပရက်စ်ဘီတေးရီးယားန်းအသင်းတော်၏ လက်အောက်ခံအသင်းတော်တစ်ပါးဖြစ်ကြောင်း မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာမန်းပါမာစတန်၏ ထောက်ခံချက်၊ ဂရန်တို့ တင်ပြ၍ မှတ်တမ်းထားရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ နတ်လမ်း ဒါယကာကြီး

## ဦးမောင်မောင်(ခ)ဦးချန်စီကွမ်း

**Aung Electronic**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၁၅၁)နေ ဒေါ်သန်းသန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးအေးမော်-ဦးမောင်မောင်ထွေး၊ ဒေါ်ချိုချိုဝင်း၊ ဦးမြင့်အောင်-ဒေါ်သီတာ၊ ဦးဇော်ထွန်းအောင်-ဒေါ်ချောစုစုအောင်တို့၏ဖခင်၊ မစုမြတ်သီတာ၊ မောင်မင်းမင်းဇော်၊ မောင် Craig Chan၊ မောင် Hansel Chan၊ မောင်ကောင်းစစ်ဟိန်း၊ မထွဋ်မြတ်အိန္ဒြေ၊ မောင်သုတလင်းတို့၏ အဘိုးသည် ၁၅-၉-၂၀၁၉ ရက် ဒေသစံတော်ချိန် ညနေ ၅း၃၀ နာရီတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Losangelies နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းရီ

**အသက် (၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်ချို)တို့၏ သမီးကြီး၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၂၅၄)နေ (ဦးလှချစ်)၏ဇနီး၊ ဦးကြည်စိုး-ဒေါ်အေးအေးမာ၊ ဦးစောထွဏ်းအောင်-ဒေါ်တင်တင်ချစ်၊ ဦးဇော်မျိုးကျော် (United Wood Industries Co., Ltd)-ဒေါ်စန်းစန်းဝေ၊ မထက်ထက်ဖြိုး (Memories Group)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ၉-မိုင်၊ အေဝမ်းလမ်း၊ အမှတ် ၁၄၈/က-၂ ဦးဇော်မျိုးကျော်-ဒေါ်စန်းစန်းဝေတို့၏ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဦးဇော်မျိုးကျော်-ဒေါ်စန်းစန်းဝေတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**

## ဒေါ်ခင်သန်းရီ

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့ အင်းစိန်လမ်းမကြီး၊ အမှတ် (၂၅၄)နေ ဦးလှချစ်၏ဇနီး၊ ဦးဇော်မျိုးကျော် (United Wood Industries Co.,Ltd)-ဒေါ်စန်းစန်းဝေတို့၏ မွေးသမိခင်၊ မြေး ခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားဘွားကြီးသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Bago Yangon Golfers Group**

## တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

## (၁၁)နှစ်ပြည့်အလွမ်း

**မောနွေလကြာအိုင်လင်း**

**၁၃ အောက်တိုဘာ၊ ၂၀၀၇-၁၇စက်တင်ဘာ ၂၀၀၈**

**၁၁လ**

Once upon a time, like a brisk moment ago,
As clear as the blue sky above, the moment I could not let go,
You were in our arms, giving us laughter as you smile,
You were in our home, giving us company as you cry,
As Tides of time rolls on, memory begin to fade,
But your special moment with us, lives on within us,
no matter how strong the tide of time billows over our fragile memory,
They become crystallized, they become immortalized
The stronger the tide, the clear it shines,
Our Baby Emmanuel, the tide of time cannot wash you away from us,
Our Baby Emmanuel, the fragile memory cannot erase you away from us,
You are simply too precious,
You are simply too dear us..
Our dear Emmanuel, In Christ we are assured,
We will spent eternity with you,
It is not just our glorious hope,
It is our glorious reality now as we swim along with the tide of time...
PaPa, Mommy, KoKo

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ရွှေ (စာရေးဆရာဦးမြင့်ရွှေ-ပေါင်းတည်)**

**အသက် (၇၆) နှစ်**

သူငယ်ချင်း ကိုနေလင်း(B.E-Mech)၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူအိမ်ရာ၊ တိုက်(A)၊ အခန်း(၉၀၉)နေ ဒေါ်တင်တင်ထွန်း(စီမံဌာနမှူး-ငြိမ်း၊ ပညာရေးကောလိပ်၊ တောင်ငူ)၏ခင်ပွန်း ဦးမြင့်ရွှေ (ဆရာကြီး-ငြိမ်း) အသက်(၇၆)နှစ်သည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

၁၉-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့သော ဦးအောင်နိုင်မိုး အသက် (၇၂)နှစ်နှင့် ၁၃-၉-၂၀၁၉ ရက်တွင် ကွယ်လွန်ခဲ့သော ဒေါ်နုနုခင် (Pamela Myo Kin) အသက်(၇၂)နှစ်တို့ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းမြင့် (MD, TOSTA)**
**မိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၇-၉-၂၀၁၉ ရက်၌ ကွယ်လွန်သွားသည့် ဖခင်ကြီး ဦးသိန်းလွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သစ်တောဦးစီးဌာနအား မကွယ်လွန်မီ အရေးပေါ် ဂရုတစိုက်ပြုစုကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှဆရာဝန်များ၊ သူနာပြုများ၊ ၁၁-၉-၂၀၁၉ ရက်နေ့၌ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးခဲ့သော သစ်တောရေးရာဝန်ကြီးဌာနမှ အကြီးအကဲများ၊ အငြိမ်းစားအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံး၊ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာမှ ထည့်သွင်းဖော်ပြပေးပါသော သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း၊ လွမ်းသူ့ပန်းခြင်း၊ သက်န်းအလှူငွေများ ပေးပို့ကြသည့်ဌာနဆိုင်ရာများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း သတင်းစကားမေးမြန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဥူးကုန္ဒာစက္က

**သိက္ခာတော်(၂၃)ဝါ၊ သက်တော်(၄၃)နှစ်**

**ပဓာန နာယကဆရာတော်၊ ဓမ္မပူဇာသဒ္ဓမ္မရံသီရိပ်သာ**
**ဥသာမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး**
**သာသနဓဇဓမ္မာစရိယ၊ ဥပတောဝိဘင်္ဂရေ**

ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၉)ရှိ၊ ဓမ္မပူဇာသဒ္ဓမ္မရံသီရိပ်သာ၊ ပဓာနနာယက ဆရာတော်သည် (၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်) ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်) ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ/ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တပည့်၊ ဒါယကာ/ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဥူးခေမိန္ဒ (ခ) ဦးကျော်သူရ

**အသက် (၆၁) နှစ်**

သန်လျင်မြို့ ရုံးတော်ရပ်ကွက်၊ အမှတ်(၆-က)၊ မင်းရဲကျော်စွာလမ်းနေ (ဒုဗိုလ်မှူးကြီးတင်ဝင်း)-ဒေါ်ခင်ခင်တင့်တို့၏သားကြီး၊ (ဒေါ်မိုးစန္ဒာ)၏ ခင်ပွန်း၊ ဦးသိန်းတန်ဝင်း-ဒေါ်မိုးသူဇာ၊ ဦးမိုးကျော်သူ-ဒေါ်အဲလစ်၊ ဦးမျိုးတင်ဝင်း-ဒေါ်ပန်းစန္ဒာထွန်း၊ ဦးဝင်းမြင့်-ဒေါ်နှင်းနှင်းတင်ဝင်းတို့၏အစ်ကို၊ ကိုရာဇာမျိုးဦး-မမိုးပွင့်ဖြူ (Supreme Water Doctor Co., Ltd)၊ ကိုလင်းသူရ-မခင်နီလာချို (Mytel၊ ရှမ်း/မြောက်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းမြတ်ရာဇာ (အထက-၁၊ ဒဂုံ)၏အဘိုး ဥူးခေမိန္ဒ(ခ)ဦးကျော်သူရသည် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ရေဝေးသုသာန်သို့ ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်ငြိမ်း (ဘူမိ-၇၂)**

**ဘ-ခ-ရ(ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊ အမှတ်(၂၂၀)၊ ဒုတိယထပ်နေ (ဦးခွန်သိမ်း-ဒေါ်တင်ညွှန့်)တို့၏ သား၊ ဒေါ်ခင်အေးတင့်၏ခင်ပွန်း ဦးခင်မောင်ငြိမ်းသည် ၁၃-၉-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၂ ခုနှစ် ဘူမိဗေဒကျောင်းသား/သူများ**
**ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်**

## လွမ်းဆွတ်သတိရခြင်း

**ဦးသန်း B.A (E.Litt) ဒု-ညွှန်မှူး(ငြိမ်း)အိုးအိမ်ဦးစီးဌာန**

(၁၇-၉-၂၀၀၇)-(၁၇-၉-၂၀၁၉) (၁၂)နှစ်ပြည့်

**ဒေါက်တာဒေါ်ခင်သောင်းတင် M.B.B.S (Rgn)**

(၂၂-၉-၁၉၆၃)-(၂၂-၉-၂၀၁၉) (၅၆)နှစ်ပြည့်

ကျေးဇူးကြီးမားမိဘနှစ်ပါးအား ရည်စူးပြုသမျှ ဒါန သီလ ကုသိုလ် ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။

မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ
မမေ့နိုင်တဲ့ချစ်သောသားသမီးမြေးမြစ်တစ်စု

# ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၏ ညီ ဦးလဖိုင်ဇော်ယော် (၄၅)နှစ်သည် ၁၄-၉-၂၀၁၉ (စနေနေ့)၊ နံနက် ၄း၅၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (S-212)၊ ရွှေသပြေလမ်း၊ သပြေကုန်းရပ်ကွက်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)**

**စစ်ကိုင်းမြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၏ညီ ဦးလဖိုင်ဇော်ယော် (၄၅)နှစ်သည် ၁၄-၉-၂၀၁၉ရက်(စနေနေ့)၊ နံနက် ၄း၅၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(S-212)၊ ရွှေသပြေလမ်း၊ သပြေကုန်းရပ်ကွက်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကြီး "အောင်စည်းဇိမ်" ကျောက်မျက်ကုမ္ပဏီ**

**ဦးကျော်ဌေး "ဆုထူးပန်" ကျောက်မျက်ကုမ္ပဏီ**

ရဟန်းမယ်တော်ကြီး

**ဒေါ်ခင်စီ**

**အသက်(၉၄)နှစ်**

**သန်လျင်မြို့(ဗိုလ်ချုပ်ရွာ)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ အရှေ့ပိုင်း(၁)၊ အမှတ်(၁/၈၀)နေ (ဦးပြန့်-ဒေါ်အုန်းသင်)တို့၏ သမီး၊ [ဦးသိန်းထွန်း (အငြိမ်းစား၊ ကျန်းမာရေးမှူး)]၏ ဇနီး၊ ဦးမြင့်စိုး-(ဒေါ်အမာစိန်)၊ ဦးဝင်းမြင့်သိန်း၊ ဦးဇေယျာထွန်း-ဒေါ်နွဲ့နွဲ့ယဉ်၊ (ဦးတူးတူးဝင်း)-ဒေါ်ကြည်ကြည်စန်း၊ ဦးမြင့်အေးတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၉-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဗိုလ်မှူးကြီးဇော်ဝင်း(လေ/ငြိမ်း)**

**လေ-၁၃၆၂**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ အမှတ်(၇)နေ ဒေါ်စန်းရီ ၏ ခင်ပွန်း၊ (ဒေါ်သွန့်ကြည်)၊ (ဦးကြည်လှိုင်)တို့၏ မောင်/ညီ၊ (ဦးစိန်လင်း)၊ ဒေါ်ခင်ဝင်းဝင်းတို့၏အစ်ကို၊ ဦးအောင်ကျော်ထူး (ရေကြောင်း၌ာနမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချိုချိုမာ၊ ဒေါ်ခင်သန္တာဇော်၊ (မောင်ဇော်ဖုန်း)တို့၏ ဖခင်ကြီး၊ မထူးနန္ဒဦး၏ အဘိုးသည် ၁၆-၉-၂၀၁၉ ရက် ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးမြင့်သိန်း (ကျုံမငေးမြို့)**

**အသက်(၆၅)နှစ်**

တောင်ဒဂုံမြို့နယ်၊ (၂၁)ရပ်ကွက်၊ အမှတ်(၁၁၃)၊ ရန်အောင်လမ်းနေ ဒေါ်ငွေးငွေးမြင့်၏ခင်ပွန်း၊ ကိုဇော်မင်းထက်-မသက်မွန်ဦး၊ ကိုကျော်စိုးပိုင်-မဇင်ဇင်လတ်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အသင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျုံမငေးအသင်း(ရန်ကုန်) အလုပ်အမှုဆောင်

---

**ဦးအောင်မြတ်မိုး (ခ) မိုးနီ**

**အသက် (၄၆) နှစ်**

စမ်းချောင်းမြို့နယ်၊ မုန့်(မြောက်)ရပ်ကွက်၊ ရန်ပြုလမ်း၊ အမှတ်(၁၀)နေ ဦးခင်စိုး-ဒေါ်အမာချိုတို့၏စတုတ္ထသား၊ (ဦးစင်ပါ-ဒေါ်အေးကြင်)တို့၏ သားသမက်၊ ဦးခင်မောင်ချို-ဒေါ်သီတာ၊ ဦးမိုးဆွေ-ဒေါ်ခိုင်ခိုင်စိုး၊ ဦးအောင်မြတ်စိုးတို့၏ ညီ/မောင်၊ ကိုရဲကျော်သူ-မအိအိဖြိုး၊ ကိုစိုးသူတို့၏အစ်ကို၊ ဦးညွှန့်ရွှေ-ဒေါ်လှလှခိုင်၊ ဦးငြိမ်းဟန်-ဒေါ်သန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ဝင်းမြင့်၊ ဦးလှဝင်း-ဒေါ်တင်နွဲ့၊ မောင်တင်ဆွေ-မကျင်ဥတို့၏ ညီ/မောင်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၃၁)နေ ဒေါ်ခင်ပြုံးရီ၏ချစ်လှစွာသောခင်ပွန်း၊ (မဂျူးဂျူးခိုင်)၊ မခင်မြတ်နိုး(သတ္တမတန်း-C၊ အထက-၂၊ စမ်းချောင်း)တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဝေဠုဝန်လမ်းကျယ်၊ အမှတ်-၃၁ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၃၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမျိုးနိုင်-ဒေါ်လှမျိုးနွယ်(ငွေဆန်အောင်ဆန်ရောင်းဝယ်ရေး)၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်မေသိန်း အသက် (၈၇)နှစ်သည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဘုန်းမြင့်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာမင်းဝန်၏ဖခင်ကြီး ဦးကျော်ဘုန်းမြင့်သည် ၁၄-၉-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးဝါးဗေဒအဖွဲ့**

---

**ဒေါ်နုနုခင် (Pamela Myo Kin)**

**အသက်(၇၂)နှစ်**

**(Myanmar Global Law Firm)**

(ဆာမောင်ခင်-လေဒီခင်)တို့၏ မြေး၊ [ဦးမျိုးခင် (Barrister-at-Law)-ဒေါ်ခင်မျိုးမြင့် (Kathrine Barber)]တို့၏ သမီး၊ (ဦးဖိုးဆယ်-ဒေါ်ဒေါ်ပိုက်)တို့၏ သမီးချွေးမ၊ (ဦးအောင်နိုင်မိုး)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်နှံ့သာအောင် (MITV-Myanmar Internation TV)၊ ဒေါ်မေဖြိုးခင် (Myanmar Global Law Firm)တို့၏ ချစ်လှစွာသောမိခင်၊ ဦးပီတာခင်(USA)၊ [ဦးမောင်မောင်ခင် (ခရိုင်ဥပဒေ-အရာရှိ)]-ဒေါ်ခင်လေးမြင့်၊ ဦးတင်မောင်ခင် (New York)-ဒေါ်ဝင်ဒီခင်(New York)၊ [ဦးတင်အောင်ခင်(USA)]-Elizabeth Kin(USA)တို့၏ ညီမ၊ ဦးအောင်မျိုးခင် (USA)၊ ဦးကြည်မြင့်-ဒေါ်နီလာမျိုးခင် တို့၏ အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်နုနုခင် သည် ၁၃-၉-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၆၅)၊ အောင်ချမ်းသာလမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာ

**ဦးတင်ဝင်း (သုဝဏ္ဏ)**

**အသက် (၇၀)**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ တိုက်(၆၀၉-က)၊ ဝေဇယန္တာ (၁၃)လမ်းအနောက်၊ ဒုတိယထပ်နေ [ဦးတင်မောင်-ဒေါ်စန်း(သုဝဏ္ဏ)]တို့၏ သားကြီး၊ (ဦးဘသော်-ဒေါ်ကျင်စု)တို့၏သားသမက်၊ (ဦးမျိုးဝင်း)-ဒေါ်ခင်မျိုးကြိုင်၊ ဦးမြင့်ဝင်း-ဒေါ်လှလှကြည်၊ ဒေါ်ဝင်းမာ၊ ဦးအောင်မြင့်-ဒေါ်ဆွေဆွေဝင်း၊ ဦးခင်ဇော်-ဒေါ်လှလှဝင်း၊ ဦးနိုင်ထွန်း-ဒေါ်တင်စန်းဝင်းရီ၊ (ဦးကျော်မြင့်)-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးကျော်စိုးဝင်း)-ဒေါ်ထွေးထွေးဝင်းတို့၏ အစ်ကိုကြီး၊ ဦးတင်ထွန်းအောင် (Nature Hervest Co.,Ltd)၊ ဒေါ်အေးမြတ်သီတာဝင်း (အထက-၇၊ မင်္ဂလာတောင်ညွန့်)တို့၏ဖခင်၊ မခွန်းဆင့်ချို၏ အဘိုး၊ ဒေါ်စိန်စိန်မြင့် (အထက-၁၊ လသာ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့်သုဝဏ္ဏမှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကျော်ကျော် (အထက-၁၊ မရမ်းကုန်း) (၆၉)နှစ်**

**ဗဟိုပုံနှိပ်တိုက်ဝန်ထမ်းဟောင်း**

အမှတ်(၁၀)၊ (၉)လမ်း၊ မာလာမြိုင်နေ (ဦးသိန်းအောင်-ဒေါ်လှခင်)တို့၏ သားကြီး၊ ပုသိမ်လမ်း၊ အမှတ်(၂၇)နေ (ဦးလွင်-ဒေါ်သောင်းစိန်)တို့၏သားသမက်၊ ဒေါ်စုစုလွင်-(ဦးသိန်းလွင်)၊ ဦးမောင်မောင်သန်း-ဒေါ်သန်းသန်းညွန့်၊ (ဦးမြင့်ဦး)-ဒေါ်လှလှဝင်း၊ ဦးကျော်ထွေး-ဒေါ်မီမီမြင့်တို့၏အစ်ကိုကြီး၊ ဦးခင်အောင်မိုး-ဒေါ်မေသဥ္ဇာကျော်၊ ဦးဇေယျ-ဒေါ်ဝင်းစန္ဒာကျော်တို့၏ချစ်လှစွာသောဖခင်၊ တူမ လေးယောက်တို့၏ဘကြီး၊ မယွန်းလဲ့သော်(အထက-၂၊ မရမ်းကုန်း)၊ ကောင်းဇေလင်း(အထက-၂၊ မရမ်းကုန်း)၊ ပိုင်မင်းသွေးတို့၏အဘိုး၊ ဒေါ်အုန်းလွင်(မနီး)၏ချစ်လှစွာသောခင်ပွန်း၊ ကျိုက်ဝိုင်းဘုရားဈေး၊ မေသဥ္ဇာစတိုး၊ ဝင်းစန္ဒာစတိုးသည် ၁၅-၉-၂၀၁၉ ရက် နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၉ (စနေနေ့) တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၈၆/A II)၊ ဂန္ဓမာလမ်းနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးမျိုးတင့် (ခနေဖြူ/ကျောက်ဖြူ)**

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ် ၊ကမ္ဘာ့ရတနာဘဏ်**

**အသက် (၆၉) နှစ်**

ခနေဖြူမြို့နေ (ဗိုလ်ကြီးသာအေး-ဒေါ်စိန်)တို့၏ ချစ်လှစွာသောသားကြီး၊ (ဦးကျော်သိန်းဦး-ဒေါ်ရွှေစော)တို့၏ ချစ်လှစွာသောသားသမက်၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ်(၃၁)နေ ဒေါ်စောစောသိန်း(ခ)ဒေါ်စောစောတင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇော်ဝင်း-ဒေါ်မေဟန်သွယ် (အလပြ၊ အထက-၈၊ လှိုင်သာယာ)၊ ဦးရဲမျိုးအောင်(Bosun)-ဒေါ်တင်ညိုချော၊ ဒေါ်ဝါဝါလင်း (ကျိုင်းတုံ၊ ခုတင်-၃၀၀၊ စစ်ဆေးရုံ)တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ချစ်လှစွာသောအဘိုး၊ ဦးမျိုးဝေ-ဒေါ်ခင်မာ၊ ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)-ဒေါ်နုနုဝေ၊ ဦးစိုးဝေ-ဒေါ်ကေသွယ်၊ (ဦးသိန်းဝေ)-ဒေါ်ဝင်းဝင်းတို့၏ချစ်လှစွာသောအစ်ကိုကြီးသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်နှင့် ကျောက်ဖြူအသင်းရုံးခန်းတို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးစိုးဝင်း(ခ)ဦးသိန်းလွင်(ခ)**

**ကိုအန်းကူ**

**(လေးထောင့်ကန်)**

**အသက် (၈၀)**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၇၂)၊ မြေညီထပ်နေ ဒေါ်ရှုကျင်၏ခင်ပွန်း၊ ဦးမြင့်စိန်-ဒေါ်ကျော့ကျော့လွင်၊ ဒေါ်မွှေးမွှေး၊ ဒေါ်မွှေးငယ်၊ ဒေါ်သက်ထွေးဝင်း-ဦးဝင်းနိုင်၊ မောင်အောင်ဝင်းမျိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ထက်လှိုင်ဝင်း၊ မကျော့ကေခိုင်မြင့်၊ မောင်ဉာဏ်အောင်၊ မောင်ဟိန်းထက်နိုင်၊ မောင်ဟိန်းထက်ချာန်တို့၏အဘိုးသည် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ရီ (ခ) မမုန်းနား**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၁၂၈/၁၃၀)နေ ဦးသိန်းလွင်၏ ဇနီး၊ ဦးလှိုင်ချူကောင်း-ဒေါ်ခင်မေဝင်းတို့၏ သမီးကြီး၊ မောင်ဇေယျာမင်း(USA)-မအေးနွယ်ဝင်း(USA)၊ မောင်စည်သူမင်း၊ မဇာခြည်မင်း (ရွှေစင်အထည်ဆိုင်၊ မင်္ဂလာဈေး)၊ မရွှေစင်ယမင်း(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောမိခင်၊ မသွန်းရတီ၏အဘွားသည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သာသနာ့လင်္ကာရကျောင်း ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တကဝိန္ဒ

**သိက္ခာတော် (၆၀)၊ သက်တော် (၈၀)**

ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာတိုက်၊ သာသနာ့လင်္ကာရကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒသည် (၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ရက်) ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်) ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း။ (သာသနာ့လင်္ကာရကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ တပည့် ဒါယကာ/ဒါယိကာမများ

---

## အနိစ္စ

**မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

**ဒေါ်မေသိန်း**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၂)လမ်း၊ အမှတ်(၄၄/၅၆)၊ အခန်း(၁၀၄)နေ (ဦးစန်းမောင်-ဒေါ်အုန်းတင်)တို့၏ သမီး၊ (ဦးလတ်ပန်း)၏ ဇနီး ဒေါ်မေသိန်းသည် ၁၅-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။)

အမှုဆောင်အဖွဲ့

---

**ဒေါ်မြမြ**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုးသစ်-ဒေါ်ခင်မကြီး)တို့၏ သမီး၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းသွယ်၊ ခြံအမှတ်(၂၇)၊ အခန်း(၁၀)နေ (ဦးချို-ဒေါ်ကျင်ရွှေ)တို့၏ သမီးချွေးမ၊ [ဦးအောင်ချိန် (အကောက်ခွန်)]၏ဇနီး၊ ဦးထင်အောင် (Trinity Logistics Services Co., Ltd.)-ဒေါ်သီတာအောင် (Tat Nay Won Agency)၊ ဦးကျော်စိုးအောင်(အကောက်ခွန်)-ဒေါ်ခင်စန္ဒာထွန်း (မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါက်တာသန်းထွန်းအောင် (ညွှန်ကြားရေးမှူး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန)-ဒေါက်တာဝင်းလဲ့လဲ့ဖြူ (ပါမောက္ခ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)တို့၏ မိခင်၊ မောင်ထင်သုတ၊ မောင်ရဲမြတ်အောင်၊ မစကားကြည်သာဖြူတို့၏ အဘွားသည် ၁၆-၉-၂၀၁၉ ရက် နံနက် ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မမီးမီး(ခ)မချို(ခ)**

**မလှလှဝင်း**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်ပုညဝဇ္ဇလမ်း၊ အမှတ်(၁၂)နေ ဦးလှကြိုင်-ဒေါ်သောင်းကြည်တို့၏ သမီး၊ မမီးမီး(ခ) မချို(ခ) မလှလှဝင်းသည် ၁၆-၉-၂၀၁၉ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ သုတ (ခ) ဦးမြင့်ဆွေ (ပန်းချီ)**

**၁၉၈၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒအသင်းဝင် ကျောင်းသားဟောင်း**

**သက်တော် (၆၄)နှစ်၊ ဝါတော် (၆) ဝါ**

တောင်ကုတ်မြို့ ဂူတာရပ်ကွက်၊ ညောင်တန်းလမ်း၊ အမှတ်(၂၀၂)နေ (ဦးထွန်းတင်)-ဒေါ်ရွှေသန့်တို့၏သား၊ ဒေါ်ခင်ရွှေ၏မောင်၊ ဒေါ်မြင့်မြင့်ထွေး (အထက-၁၊ တောင်ကုတ်)၏အစ်ကို၊ ဦးမောင်နီ (MRTV)-ဒေါ်စောမြတ်လှ(သူနာပြုဆရာမကြီး၊ တပ်မတော်ချည်/ထည်၊ သမိုင်း)၊ ဒေါ်စောမြတ်မွန်(အလပြ၊ တောင်ကုတ်)တို့၏ ဦးလေး၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၂၂-ခ)နေ ဒေါ်နွဲ့နွဲ့ရီ(အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးရန်နိုင်ဦး-ဒေါ်သီရိဆွေ၊ မနွဲ့သီရိမေ၊ မသီရိအိမ့်၊ မောင်လဂွန်းအိမ်တို့၏ဖခင်သည် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၃း၁၅ နာရီတွင် တိုက်(၄)၊ အခန်း(၁၁)၊ တပ်မတော် ချည်/ထည်၊ သမိုင်းစက်ရုံ ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (တပ်မတော် ချည်/ထည် စက်ရုံ သမိုင်း၊ ဝန်ထမ်းအိမ်ရာမှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် တပ်မတော် ချည်/ထည် စက်ရုံ သမိုင်း၊ ဝန်ထမ်းအိမ်ရာသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စန်း**

**အသက်(၇၆)နှစ်**

တာမွေမြို့နယ်၊ အမှတ်(၂၇)၊ (၁၄၈)လမ်း၊ ပျားရည်ကုန်းရပ်ကွက်နေ (ဦးသောင်းညွန့်-ဒေါ်ကြီးလှ)တို့၏ သမီးကြီး၊ မြင်းခြံမြို့နေ (ဦးစိုးဝင်း)၏ ဇနီး၊ ဒေါ်စီစီဝင်း၊ ဦးဇော်မင်း-ဒေါ်သီတာမြင့်၊ ဦးစိုင်းတင်မျိုးအောင်-ဒေါ်သီသီဝင်း၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ငြိမ်းငြိမ်းဝင်းတို့၏ ကျေးဇူးရှင်မွေးမိခင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်သန်းလှ (ခ) မနီ**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊**

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ်(၂)၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၁)၊ အခန်း(၁)နေ [ဦးဖြူမောင်(ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)]-ဒေါ်ခိုင်စံဒါ၊ ဦးမဲမောင်(ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)တို့၏ညီမ၊ ဦးစန်းတင့်(ဒု-အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း)-ဒေါ်ဒေစီသာကျော်၊ ဦးအောင်သိန်းညွန့်(ဒုညွှန်ချုပ်-ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန)၊ ဒေါ်ဖြူဖြူကျော်၊ (ဦးညိုမောင်)တို့၏ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၁ ယောက်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၅၀နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၉(အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးအောင်ကြီးသိန်း (@) Douglas. A. Monteiro**

**C/E CDC No-28854**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့ (၄၆)လမ်း၊ ၁၆၃/၁၆၅၊ ခြောက်လွှာနေ (ဦးငွေသိန်း-ဒေါ်ရသီ)တို့၏ သားကြီး၊ (ဦးဖိုးဆောင်း-ဒေါ်လွှယ်)တို့၏ သားသမက်၊ ဦးအောင်မြတ်-ဒေါ်ခင်ငွေသိန်း (Star Kid မူကြို ၈၈ လမ်း)၊ ဦးအောင်ကျော်သိန်း-ဒေါ်ခင်ခင်ထွေး၊ Sr.ဒေါ်ရသီ (စိန့်ဂျိုးဇက်သီလရှင်ဂိုဏ်း)၊ ဒေါ်နီလာသိန်း(ကနေဒါ)၊ ဦးအေးနိုင်-ဒေါ်သီတာသိန်း(US)၊ ဦးအောင်မြင့်သိန်း-ဒေါ်ဝင်းမာတို့၏ အစ်ကိုကြီး၊ ဦးမင်းဇော်ဇော်ဟိန်း-ဒေါ်ချယ်ရီနုနုဇော်၊ ဦးနေမျိုးအောင်(1/E Cignus Marine Co.,Ltd.)-ဒေါ်မြဖြူပြာ၊ ဦးဘုန်းပြည့်ကျော် (2/O Cignus Marine Co.,Ltd.)-ဒေါ်စုစုလှိုင်တို့၏ဖခင်၊ မောင်ထက်အောင်လွင်၊ မောင်ကွန်းဇော်ဟိန်း၊ မောင်ဟိဏ်းထွဋ်ဇော်၊ မဇေဂျူးဖြူပြာတို့၏အဘိုး၊ ဒေါ်ဝင်းမြင့်(အထက-၅၊ ဗိုလ်တထောင်-ငြိမ်း)၏ခင်ပွန်း ဦးအောင်ကြီးသိန်းသည် ၁၄-၉-၂၀၁၉ (စနေနေ့) ညနေ ၅း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် စိန့်အန်ထော်နီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့သည့် MNL ချန်ပီယံရှမ်းယူနိုက်တက်အသင်း ၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိဘဲဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ ရာသီတွင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများအနေဖြင့် အာရှအဆင့်ကလပ်ပြိုင်ပွဲတွင် နှစ်သင်းယှဉ်ပြိုင်ခွင့်ရထားပြီး အမှတ်ပေးချန်ပီယံရှမ်းယူနိုက်တက်အသင်းမှာ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲအုပ်စုအဆင့် ရှုံးထွက်ချန်ပီယံအသင်းမှာ AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရထားသည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားခွင့်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်ပါက အာရှချန်ပီယံလိဂ်နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သလို ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲအုပ်စုအဆင့်တွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် တစ်ရာသီလုံးရှုံးပွဲမရှိဘဲ ချန်ပီယံဆုရခဲ့ခြင်းဖြစ်ပြီး MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးရှုံးပွဲမရှိဘဲ ချန်ပီယံဆုရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




အာရှအဆင့် ကလပ်ပြိုင်ပွဲများယှဉ်ပြိုင်ခွင့်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား အမှတ်ပေးချန်ပီယံဆုနှင့်အတူ တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် U-17 ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း ဗိုလ်စွဲ

**နေပြည်တော် စက်တင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-17 ဘောလုံး(အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် ဂိုးမရှိသရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရာ ထပ်မံဂိုးမရှိသရေကျနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ရယူကာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။




၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-17 ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း အောင်ပွဲခံနေစဉ်။

တတိယလုပွဲ ပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆုပေးပွဲ အခမ်းအနားတွင် အကောင်းဆုံးဂိုးသမားဆုရရှိသော ကျောနံပါတ်(၁) စိုးထက်ဝင်း (ဧရာဝတီ)နှင့် အကောင်းဆုံးနောက်တန်းကစားသမားဆု ရရှိသော ကျောနံပါတ်(၃) ကျော်သီဟဇော်(ရန်ကုန်) တို့အား

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ »»**

## AFC U-16 Championship 2020

## ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၆** ။ ။ AFC U-16 Championship 2020 ဘောလုံးပြိုင်ပွဲ၏ ခြေစစ်ပွဲ ပွဲစဉ်များကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ရာ မြန်မာအသင်းသည် စက်တင်ဘာ ၁၈ ရက် ညနေ ၆ နာရီတွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီတွင် တောင်ကိုရီးယားအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက် ညနေ ၆ နာရီတွင် တရုတ်(တိုင်ပေ) အသင်းနှင့်လည်းကောင်း ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်များအား ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ မြန်မာ့အသံရေဒီယို၊ MRTV Sports Channel နှင့် MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကြေးမုံ ယနေ့ ဖတ်စရာ**

အခြေခံကျန်းမာရေးဝန်ထမ်းများညီလာခံနှင့် ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၇

သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ မြစ်ကြီးနားမြို့တွင် ကျင်းပ
စာမျက်နှာ » ၁၁

ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်း၌ ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း ပျက်ကျ၊ ခုနစ်ဦးသေဆုံး
စာမျက်နှာ » ၁၂

တူရကီ၊ ရုရှားနှင့် အီရန်သမ္မတတို့ ဆီးရီးယားအရေး တွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၁၃

ကန်တီအား ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာရန် အေဒင်ဟာဇက်နဲ့ ကော်တိုရစ်တို့ ဆန္ဒရှိနေ
စာမျက်နှာ » ၂၀

